# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 January 2023 ၁၀၉၈၁


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုးတက်မှုရှိနေသည့် ငြိမ်းချမ်းရေးလမ်းစများအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးက နိုင်ငံနှင့် ပြည်သူအကျိုးကို ရှေးရှုပြီး အပြုသဘောဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးခရီးကို ပိုမိုထိရောက်စေနိုင်မည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ ဇန်နဝါရီလ(၁၅)ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် နိုင်ငံအဝန်းပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး စိတ်ရောကိုယ်ပါကျန်းမာရွှင်လန်းပြီး လိုရာဆန္ဒပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်း နောက်ဆုံးအသုတ်ပို့ဆောင်မည့်သင်္ဘော ပုသိမ်ဆိပ်ကမ်းမှထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံ G to G သဘောတူညီမှုအရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းကို ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ တိုက်ရိုက်တင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် ပို့ကုန်ဆန်တန်ချိန် သုံးသောင်း၏ နောက်ဆုံး သင်္ဘောဖြစ်သော MCL-7 သင်္ဘောထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်မြို့မှ ဆန်တန်ချိန် သုံးသောင်း တိုက်ရိုက်တင်ပို့မှုသည် ဆန်စပါးထွက်ရှိရာဒေသမှ ပြည်ပနိုင်ငံသို့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်း နောက်ဆုံးအသုတ်ပို့ဆောင်မည့်သင်္ဘောဖြစ်သည့် MCL-7 သင်္ဘောကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး**

ဆောင်းပါး စာမျက်နှာ » ၆

**မန်းရွှေစက်တော် ဘုရားကြီးတွင် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေပြီး ဘုရားဖူးများကို ညအိပ်တည်းခိုခွင့်ပြုမည်**

စာမျက်နှာ » ၁၇




ကြေးမုံ

# ပြည်သူအပေါ်ထားရှိသည့်စေတနာ လေးစားဂုဏ်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး တောတောင်ရေမြေ၊ တောင်တန်း၊ မြေပြန့်နှင့်မြစ်ဝှမ်းလွင်ပြင်စသည့်မြေမျက်နှာသွင်ပြင် စုံလင်သည့်နိုင်ငံဖြစ်သည်။ မီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများတွင် အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများသည် မြင့်မားသောတောတောင်များတွင် နေထိုင်ကြပြီး ကျေးလက်ပြည်သူများသည် ဝေးလံခေါင်ဖျားဒေသများတွင် များသောအားဖြင့် နေထိုင်ကြသည်။

အဆိုပါပြည်သူများအတွက် အဓိကကျသည့်လိုအပ်ချက်များမှာ လမ်းပန်းဆက်သွယ်ရေး၊ စားသောက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးတို့ဖြစ်သည်။ ယင်းတို့ကို ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက ဖြည့်ဆည်းပေးနေသော်လည်း လိုအပ်ချက်များရှိနေသေးသည်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် သွားလာရေးခက်ခဲသည့် ဝေးလံခေါင်ဖျားသောဒေသများနှင့် တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးမှာ အလှမ်းဝေးနေပြီး အဆိုပါဒေသရှိ ပြည်သူများမှာ ကျန်းမာရေးအဆင့်အတန်း ခေတ်အဆက်ဆက် နိမ့်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။

သာဓကအားဖြင့် မြန်မာနိုင်ငံ၏ လူ့မျှော်မှန်းသက်တမ်းသည် ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်အရ (၆၇)နှစ်ဖြစ်ပြီး ချင်းပြည်နယ်ရှိလူတို့၏ မျှော်မှန်းသက်တမ်းသည် (၆၃ ဒသမ ၃)နှစ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ အနိမ့်ဆုံးအဆင့် ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးအရှင် ၁၀၀၀ မွေးတိုင်း ကလေး ၁၂ ဦးပျက်စီးခဲ့ပြီး ချင်းပြည်နယ်၌ ၁၈ ဦးပျက်စီးမှုရှိသည်။ ငါးနှစ်အောက်ကလေး သေဆုံးမှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေး ၁၀၀၀ မွေးဖွားပြီးတိုင်း ၁၅ ဦးပျက်စီးမှုရှိပြီး ချင်းပြည်နယ်၌ ၂၅ ဦးပျက်စီးမှုရှိသည်ကိုတွေ့ရသည်။ မိခင်သေဆုံးမှုတွင် မိခင်တစ်သိန်းတိုင်း ၁၀၂ ဒသမ ၇ ဦးပျက်စီးမှုရှိပြီး ချင်းပြည်နယ်တွင် ၁၅၈ ဦးခန့် ပျက်စီးမှုရှိသည်။

ထို့ကြောင့် ဝေးလံခေါင်ဖျားပြီး တောတောင်မြင့်မားသည့် ချင်းပြည်နယ်ကဲ့သို့ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမှာ နိမ့်ကျနေသဖြင့် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဝေးလံသောဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်၊ သူနာပြုများ ဖြည့်ဆည်းပေးရေးမှာ အစဉ်အဆက်အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ဝေးလံခေါင်ဖျားသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသည့်အခက်အခဲအား တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို ကျေးဇူးတင်ရှိရမည်ဖြစ်သည်။ သာဓကအားဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တပ်မတော်သားဆေးမှူးအရာရှိများကို စေလွှတ်ပေးခဲ့ပြီး တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝေးလံခေါင်ဖျားဒေသများတွင် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ချီးကျူးဂုဏ်ပြုခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည့်အရာတို့ကိုဖြည့်ဆည်းပေးခြင်း၊ သူတစ်ဦးမလုပ်နိုင်သောအလုပ်ကို လုပ်ကိုင်ပေးခြင်းသည် အလွန်မွန်မြတ်သောအလုပ်ဖြစ်ရာ ၎င်းတို့ကို ဂုဏ်ပြုချီးကျူးအသိအမှတ်ပြုခြင်းသည် အလွန်မွန်မြတ်သော ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေးတို့နှင့်ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်၏မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင်လည်း တစ်ဖက်တစ်လမ်းက ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ပြည်သူအကျိုးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ နောင်လာမည့် အနာဂတ်တွင်လည်း ဆရာဝန်တစ်ဦးအနေဖြင့် ပညာရပ်ဆိုင်ရာတိုးတက်ရေးကို ဆောင်ရွက်ရမည့်နည်းတူ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကိုလည်း ဦးထိပ်ထားဆက်လက်ဆောင်ရွက်သွားကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မှာကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် နယ်မြေခံပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက်သာမက ပြည်သူအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် ပြည်သူအပေါ်ထားရှိသည့် တပ်မတော်သားများ၏စေတနာကို လေးစားဂုဏ်ပြုအသိအမှတ်ပြုအပ်ပါကြောင်း။ ။

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁)ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁)ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁)နှစ်သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အင်းစိန်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီက အင်းစိန်မြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ဝေရက်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အင်းစိန်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အင်းစိန်မြို့နယ် အခြေခံပညာကျောင်းများမှ ဆုရရှိခဲ့ကြသည့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးအဆင့်၊ အင်းစိန်ခရိုင်အဆင့်၊ အင်းစိန်မြို့နယ်အဆင့်၊ စွမ်းရည်ပြိုင်ပွဲများ၊ ကာယ၊ ဉာဏ ဘက်စုံထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းလုပ်ငန်းဆုများ၊ ရုံးလုပ်ငန်းဆုများနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၆ ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက အကပဒေသာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ အမှတ်(၄) ရှေ့တန်းတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဦး၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သုခလှိုင်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**☆ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့် ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသား အားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်**

☆ ရှေ့ဖုံးမှ

ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို **"ကယားပြည်နယ်နေ့"**အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေ သဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှု အလှတရားများဖြင့် သာယာလှပသော၊ ရာသီဥတုမျှတသောပြည်နယ်ဖြစ်ပါသည်။ ဒေသခံတိုင်းရင်းသားတို့၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။

ကယားပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် မော်ချီးသတ္တုတွင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ခဲမဖြူ အဖြိုက်နက်ကဲ့သို့သော အဖိုးတန်သယံဇာတများ ထွက်ရှိသည့် အဓိကရင်းမြစ်နေရာ တစ်ခုဖြစ်ခဲ့ပြီး ယနေ့တိုင်အောင် စကျင်ကျောက်များ၊ ဘော်သတ္တုများ၊ ခဲမဖြူ အဖြိုက်နက်၊ ရှီးလိုက်ရောရာသတ္တုများ စသည့် တွင်းထွက်ပစ္စည်းများသာမက သစ်တောထွက်ပစ္စည်းများ ကြွယ်ဝစွာထွက်ရှိကာ သဘာဝက ဖန်တီးပေးထားသော ရေခံမြေခံကောင်းလှသည့် ပြည်နယ်၊ ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်ဖြစ်ပါသည်။

ထို့နည်းတူ ကယားပြည်နယ်၏ လောပိတရေအားလျှပ်စစ်စက်ရုံကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို နေ့စဉ်ထုတ်လွှတ်ပေးလျက်ရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသော လျှပ်စစ်စွမ်းအားအရင်းအမြစ် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ကယားပြည်နယ်သည် သဘာဝကဖန်တီးပေးထားသည့် သဘာဝသယံဇာတအခြေခံကောင်းများ စွာရှိနေပြီးဖြစ်၍ မျက်မှောက်ကာလတွင် တည်ရှိပြီးသား သဘာဝအလှတရားများနှင့် သယံဇာတထွက်ကုန်များကို ထိထိရောက်ရောက် အသုံးချကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသော ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အားပေးကူညီပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရ ဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့် အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ပူးတွဲပါရှိလာခဲ့သော ပြည်တွင်းသောင်းကျန်းမှုဖြစ်စဉ်များ၊ လူမျိုးစွဲ၊ ဝါဒစွဲဖြစ်စဉ်များနှင့် တိုင်းရင်းသားများအကြား ဖြစ်ပွားခဲ့ရသည့် သံသယဖြင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ကြရပါသည်။ ၎င်းအကျိုးဆက်များကြောင့် လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထိတိုင် နှစ်ပေါင်းရှည်ကြာစွာဖြစ်ပွားလျက်ရှိသဖြင့် ယင်း၏ ဆိုးကျိုးသက်ရောက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်မှုရှိခဲ့သည်ကို ကယားပြည်နယ်အပါအဝင် မိမိတို့အားလုံး လက်တွေ့ခံစားသိရှိကြပြီဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးဖြစ်၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာပေါ်၌ လူဦးရေ ၇ ဘီလီယံကျော်ရှိပြီး နိုင်ငံတိုင်းတွင် စားနပ်ရိက္ခာလိုအပ်ချက်များသည် အမြဲရှိနေသည်ဖြစ်ရာ အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်များအား မိမိတို့နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် စားသောက်ကုန်များဖြင့် ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီးပွားရေးအင်အားကောင်းလျှင် တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့က ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တစ်နိုင်ငံလုံး သာယာဝပြောလာနိုင်မည်ဖြစ်ပါသည်။

အလားတူ တိုင်းပြည်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေး အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများကို တိုးတက်မှုရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ထုတ်ကုန်ပစ္စည်းနည်းပါးမှုကြောင့် ရောင်းဝယ်မှုနည်းပါးခြင်းဖြစ်၍ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များပြားစွာ ထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။ ထုတ်ကုန်များရရှိရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)ကို အခြေခံသည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်း စသည့် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး အစွမ်းကုန်ကူညီအားပေးဆောင်ရွက်လျက်ရှိပါသည်။

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်သည် ပြည်တွင်းစီးပွားရေးအားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် MSME လုပ်ငန်းများ အောင်မြင်လာစေရန်အတွက် မြန်မာနိုင်ငံ၏ သဘာဝအခြေအနေအရ ပြည်တွင်းရှိ ကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများမှ ထုတ်ကုန်ပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများပြားပြီး ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် မိမိတို့နိုင်ငံတွင် နိုင်ငံရေးပဋိပက္ခများသည် နက်နဲရှုပ်ထွေးလှပါသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရန်များ ကျန်ရှိနေဆဲဖြစ်သည်ကို အားလုံးက လက်ခံထားကြပါသည်။ တိုးတက်မှုရှိနေသည့် ငြိမ်းချမ်းရေးလမ်းစများအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးက နိုင်ငံနှင့် ပြည်သူအကျိုးကို ရှေးရှုပြီး အပြုသဘောဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးခရီးကို ပိုမိုထိရောက်စေနိုင်မည် ဖြစ်ကြောင်း အသိပေးလိုပါသည်။

ပဋိပက္ခများဖြင့် သံသရာလည်နေသည့် နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးမှာ အခက်အခဲအကျပ်အတည်းများ ရှိကြစမြဲဖြစ်ပါသည်။ ပါဝင်ပတ်သက်သူအားလုံး၏ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ်ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေး လိုရာခရီးပေါက်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏ အစိတ်အပိုင်းဖြစ်သော်လည်း နိုင်ငံရေး၏ လက်နက်တစ်ခု မဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ပါမှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများရှိနေသည့် ဒေသများတွင် ပဋိပက္ခများ၏ အကျိုးဆက်များကို ယင်းဒေသမှ ပြည်သူများ တိုက်ရိုက်ခံစားနေကြပြီး ကျန်ပြည်သူများက သွယ်ဝိုက်၍ ခံစားနေကြရပါသည်။ လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ခက်ခဲစေပြီး ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းကာ ဆင်းရဲမှုနှုန်းမြင့်တက်စေခြင်းမှာ နိုင်ငံ၏ အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်သည်ကို သတိထားလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ သဘောထားမမှန်သည့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထိုအခြေအနေများ၏ အကျိုးဆက်သည် နိုင်ငံတော်၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ်အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်သူများဖြစ်ကြပါစေ၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးကို အားကြိုးမာန်တက်ဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား တိုးတက်မြင့်မားရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အားကစားခန်းမတို့ကို ဖွင့်လှစ်

လွိုင်ကော် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် ( ၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ပြည်နယ်အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အားကစားခန်းမတို့ကို ဖွင့်လှစ်ပေးကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်းရှိ ဒေသခံလူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြေးခုန်ပစ်အားကစားအဆင့်အတန်း မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမား ပေါ်ထွန်းလာစေရေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်မှသည် အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေးတို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အားကစားကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးထားသော မီတာ ၄၀၀ Synthetic ပြေးလမ်းပါအဆင့်မြင့်အားကစားကွင်းကြီးကို ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ အားကစားဝါသနာရှင်များက ဆက်လက်၍ ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က မီတာ ၄၀၀ Synthetic ပြေးလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ထို့နောက် မီတာ ၄၀၀ Synthetic ပြေးလမ်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မီတာ ၄၀၀ ပြေးလမ်းနှင့် အားကစားကွင်းကို ကြည့်ရှုကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ကျောင်းသား ကျောင်းသူများ ဖျော်ဖြေတင်ဆက်သော ပန်းဖွားအကနှင့် Fitness Dance သရုပ်ပြ ဖျော်ဖြေမှုများ၊ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပနေမှုများကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆုရအားကစားသမားများနှင့် အကသရုပ်ပြအဖွဲ့တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အားကစားခန်းမအတွင်း ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အားကစားပစ္စည်းများ သရုပ်ပြအသုံးပြုနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့ အားကစားခန်းမအတွင်း ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး အားကစားပစ္စည်းများ သရုပ်ပြအသုံးပြုနေမှုများကို လှည့်လည်ကြည့်ရှုကြစဉ်။

---

## ကယားတို့မြေ သာပါစေ

❖ “တောင်ကွဲ” စေတီဦး
ထူးခြားတဲ့ မြို့ကျက်သရေ။
❖ ဘီလူးချောင်း ရေကြည်စမ်း
ဖြတ်သန်း ရစ်ခွေ။
❖ နှင်းငွေမှုန် ခြုံကာလွှမ်း
အေးချမ်းတဲ့ သွေးချင်းမြေ
သွေးရင်းဆွေ နောင်ညီများ။
❖ နှင်းသို့ ဖြူစင်
မြိုင်အသွင် စိမ်းလန်း
တောင်တန်းပမာ တည်ကြည်ခြင်းနဲ့
တိုင်းရင်းနွယ်ဖွား။
❖ ရေတံခွန် “ထီးစဲခါး”
နားခိုပျော်ရွှင် စည်လှစွာ။
❖ ထီးပွင့်ကန်နဲ့
ထေးငါးလျားကန် အလှဆင့်
ရှုချင့် ဖွယ်သာ။
❖ ငါးရက်တစ်ဈေး
သွေးချင်းတို့ ဆုံစည်းရာ
ရိုးရာမပျက် ရောင်းဝယ်မြဲ။
❖ ကယားဝက်အူချောင်း ဆေးခါးဟင်းနဲ့
ဟင်းထုပ်အစုံ လက်ဆုံစား
လွမ်းအားပိုဆဲ။
❖ ခေါင်ရည်ချို တစ်ကျိုက်လောက်
မသောက်ရ နှစ်ရှည်ကြာ။
❖ လွိုင်ကော်မြေ သာစခန်း
တမ်းတလျက်ပါ။
❖ မင်္ဂလာ ဝေဖြာတိုး
“ကူထိုးဘိုးပွဲ” ပျော်စရာ
တစ်ခါက ကြုံခဲ့ဖူး။
❖ ဖားစည်သံ ထိန့်ညံမစဲ
လိုက်လှဲ့ ကြည်နူး။
❖ “ကန္ဒရဝတီ”
ငွေတောင်ပြည် လွန်ထင်ရှား
ကယားတို့ ပြည်နယ်မှာ။
❖ မိုးပြဲဆည် ရေချိုသောက်
ဖြိုးမောက် ရိက္ခာ။
❖ “လောပိတ” ရေအားလျှပ်စစ်
အားသစ်လျက် အလင်းဖြာ
ပြည်မြန်မာအနှံ့လွှမ်း။
❖ ပြည်နယ်ဖွံ့ဖြိုး
နိုင်ငံလည်းစီးပွားတိုးလို့
လူမျိုး၊ ဘာသာ ဂုဏ်သိန်မညှိုးရအောင်
တိုးဆင့် ကြိုးပမ်း။
❖ ရွှေမြန်မာ ပြည်ထောင်စုထဲက
ညီနောင်ထု ကယားပြည်နယ်။
❖ ပြည်နယ်နေ့ အမှတ်တရ
မှန်းဆရည်ရွယ်။
❖ တွဲလက်ခိုင် စုစည်းမပျက်
ရှေ့ခရီးဆက် လှမ်းကြမယ်
ဘယ်ခါမခွဲ အတူတွဲ။
❖ ချစ်နောင်ညီ သဟာဆွေတို့
မာစေ သာစေ အောင်စေကြောင်း
တောင်းဆု ဆက်။ ။

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ဂုဏ်ပြုလျက်. . .

ဇော်မင်းမင်းဦး



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က အလင်္ကာကျော်စွာဘွဲ့ရရှိသူ အနုပညာရှင် စည်သူဗိုလ်ကလေးတင့်အောင်ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးစိုးတင့်ထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သီရိပျံ့ချီဘွဲ့ရရှိသည့် သခင်လွင်(ခေါ်) ဦးဖိုးသင် ကိုယ်စား မြေးဖြစ်သူ ဦးသိန်းဦးထံ ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းစဉ်။

❍ ကျောဖုံးမှ
ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဆောက်လုပ်ရေးဌာန ဒုတိယဝန်ကြီး ဦးကျင်လှိုင် (ကွယ်လွန်) ကိုယ်စား သားဖြစ်သူ ဦးမြင့်ငွေ၊ အမှတ်(၂) စက်မှုဌာန ဒုတိယဝန်ကြီး ဦးကျော်ဇ (ကွယ်လွန်) ကိုယ်စားသားဖြစ်သူ ဦးရဲဝင့်ကျော်၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပေါ်သိမ်း (ကွယ်လွန်) ကိုယ်စား သားဖြစ်သူ ဦးကျော်စိုး၊ သီရိပျံ့ချီဘွဲ့ရရှိသူ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဘိုနီ(ငြိမ်း)(ကွယ်လွန်) ကိုယ်စား သမက်ဖြစ်သူ ဦးစိုးဝင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ အနုပညာရှင် စည်သူဗိုလ်ကလေးတင့်အောင် (ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးစိုးတင့်၊ စည်သူဘွဲ့ရရှိသူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်မှူးချုပ် သောင်းတင် (ငြိမ်း) (ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါ်တင်ကြည်တင်တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းကြသည်။

အလားတူ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင် ဦးစံကျော်လှအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သီရိပျံ့ချီဘွဲ့ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာနေ သခင်လွင်(ခေါ်)ဦးဖိုးသင် ရရှိခဲ့သည့် သီရိပျံ့ချီဘွဲ့တံဆိပ်အား ၎င်း၏မြေးဖြစ်သူ ဦးသိန်းဦးထံ သွားရောက်ချီးမြှင့်အပ်နှင်းပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ
တိုက်ရိုက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သောကြောင့် ကုမ္ပဏီများအနေဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့ရသော ကုန်ကျစရိတ်သက်သာစေခဲ့ပြီး ဒေသခံဆန်စက် လုပ်ငန်းရှင်များ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းခဲ့ကာ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခဲ့သည်။

“ပုသိမ်ဆိပ်ကမ်းကနေတင်ပို့ရမယ့် ဆန်တန်ချိန်သုံးသောင်းအတွက် မနေ့ကနောက်ဆုံးသင်္ဘောထွက်သွားပါပြီ။ နောက်ထပ် G to G စာချုပ်ချုပ်ဆိုဖို့အစီအစဉ်ရှိမှ ဆက်ပြီးပို့မယ်လို့ သိထားပါတယ်။ အခုလို တိုက်ရိုက်တင်ပို့နိုင်ခဲ့တဲ့အတွက် လုပ်ငန်းရှင်တွေ အကျိုးအမြတ်ရရှိသလို နိုင်ငံတော်အတွက်လည်း အခွန်အခတွေရရှိခဲ့တယ်။ ဆက်ပြီး တင်ပို့နိုင်လေ စိုက်ပျိုးတောင်သူတွေအတွက်လည်း အကျိုးပိုရှိလေပါပဲ”ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

နှစ်နိုင်ငံချုပ်ဆိုထားသော စာချုပ်အရ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရမည့် ဆန်တန်ချိန်နှစ်သိန်းတွင် ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းကိုလည်းကောင်း၊ ကျန်သော ဆန်တန်ချိန်များကို ဆူးလေဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း၊ ရွှေပြည်သာဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့မှလည်းကောင်း သတ်မှတ်ဆန်တန်ချိန်များကို တင်ပို့ခဲ့သည်။ ယမန်နေ့က ပုသိမ်ဆိပ်ကမ်းမှ MCL–7 သင်္ဘောနည်းတူ စစ်တွေဆိပ်ကမ်းမှ MCL–11 ဆန်တင်သင်္ဘောများ ထွက်ခွာသွားကြပြီး ယနေ့တွင် ဆူးလေဆိပ်ကမ်း၌ ပြည်ပပို့ကုန် ဆန်တန်ချိန်နှစ်သိန်း၏ နောက်ဆုံးဆန်တင်သင်္ဘောဖြစ်သော ATN Glory နိုင်ငံခြားသင်္ဘောဖြင့် ဆန်တန်ချိန် ၂၁၀၀၀ ကို တင်ဆောင်လျက်ရှိရာ ရက်အနည်းငယ်အတွင်း ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသိရသည်။

### ဆန်တန်ချိန် နှစ်သိန်းတင်ပို့မှု ပြီးစီးမည်

အဆိုပါ MoU အရ မြန်မာနိုင်ငံ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food တို့မှ ဧည့်မထ ၅ ရာခိုင်နှုန်း တန်းမြှင့်ဆန်တန်ချိန်နှစ်သိန်းတင်ပို့ရန် အရောင်းစာချုပ်(Sales Contract)ကို ချုပ်ဆိုခဲ့ပြီး တင်ပို့မှုကို ဆောင်ရွက်ခဲ့ရာ ဆူးလေဆိပ်ကမ်းတွင် ပို့ကုန်ဆန်များတင်ဆောင်နေသော ATN Glory နိုင်ငံခြားသင်္ဘောထွက်ခွာပြီးပါက မြန်မာနိုင်ငံမှတင်ပို့နေသော ဆန်တန်ချိန် နှစ်သိန်းတင်ပို့မှု ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (Memorandum of Understanding –MoU)ကို ၂၀၂၂ ခုနှစ်စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**



## အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) (၁၅) ကြိမ်မြောက် ပန်းပွဲတော်သို့ ရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကား

ပြင်ဦးလွင် ဇန်နဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ ကျင်းပလျက်ရှိသော (၁၅) ကြိမ်မြောက် ပန်းပွဲတော် (Blooming Fantasy) သို့ ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အမျိုးသားကန်တော်ကြီးအတွင်း လာရောက်လည်ပတ်သူ တစ်ဦးက “ရန်ကုန်ကနေ ပန်းပွဲတော်ကို လာလည်တာပါ။ ဒီတစ်ပတ်မှာ ပြင်ဦးလွင်မှာ ချယ်ရီတွေ အများကြီးစပွင့်တာကြောင့် ချယ်ရီတွေပွင့်နေတဲ့ ကန်တော်ကြီးထဲမှာ သူငယ်ချင်းတွေနဲ့ ဓာတ်ပုံတွေရိုက်ပြီးပါပြီ၊ ဖျော်ဖြေရေးစင်မြင့်က သီချင်းတွေနဲ့မို့ ကန်တော်ကြီးပန်းပွဲတော်ကို လာရတာအလွန်ပျော်ပါတယ်” ဟု ပြောသည်။

### ကျင်းပပြီးစီးမည်

အဆိုပါ (၁၅) ကြိမ်မြောက် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ “Blooming Fantasy” ပန်းပွဲတော်သည် ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပပြီးစီးမည်ဖြစ်ရာ ယခုအပတ် စနေ၊ တနင်္ဂနွေရက်များသည် ပန်းပွဲတော်၏နောက်ဆုံးရက်သတ္တပတ်ဖြစ်ကြောင်းသိရသည်။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ “Blooming Fantasy” ပန်းပွဲတော်တွင် ပြည်နယ်အရပ်ရပ်မှ ပန်းပေါင်းစုံမျိုးစိတ်များ၊ နိုင်ငံခြားပန်းမျိုးစိတ်များ၊ ရှားပါးတန်းဝင် အဖိုးတန်ပန်းမျိုးစိတ်များ၊ ဒေသထွက်ပန်းများအား ဇုန်အလိုက် ခင်းကျင်းပြသလျက်ရှိပြီး ပန်းပွဲတော်နှင့်အတူ “ပန်းဥယျာဉ်ဈေးပွဲတော်”ကိုပါ တွဲဖက်၍ ပန်းပွဲတော်ကာလ နေ့ရက်များအတိုင်း ကျင်းပလျက်ရှိပြီး ဒေသထုတ်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ပန်းမန်များ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး

ညိုညိုဝင်း(ကျေးလက်ဦးစီး)

**လန်ချန်းမြစ်(ခေါ်)မဲခေါင်မြစ်သည် တရုတ်နိုင်ငံမှ စတင်မြစ်ဖျားခံလာကာ အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ကမ္ဘာပေါ်တွင် ၁၂ ခုမြောက် အရှည်လျားဆုံးမြစ်ကြီးဖြစ်သည်။ မဲခေါင်မြစ်သည် မိုင် ၂၇၀၀ ကျော် ရှည်လျားပြီး အာရှတိုက်တွင်လည်း တတိယမြောက်အရှည်လျားဆုံးဖြစ်သည်။ စတင်မြစ်ဖျားခံရာ တရုတ်နိုင်ငံတွင် လန်ချန်းဟုခေါ်တွင်ပြီး ဖြတ်သန်းစီးဆင်းရာ နိုင်ငံများတစ်လျှောက်တွင် မဲခေါင်ဟု အမည်သညာတွင်သောကြောင့် အမည်နှစ်မျိုးနှင့်မြစ်တစ်စင်း ဖြစ်ပေသည်။**

### ကျင်းဟုန်မြို့၌ စတင်ခဲ့သော သမိုင်းနောက်ခံ

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်းယမြို့၌ ပထမအကြိမ် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအဆင့် အစည်းအဝေးကို "Shared River, Shared Future" အမည်ဖြင့် ကျင်းပကာ တရားဝင်စတင်ထူထောင်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပါသည်။

### ရည်ရွယ်ပူးပေါင်းဆောင်ရွက်

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်- လန်ချန်း မြစ်ဝှမ်းတစ်လျှောက်နိုင်ငံများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအသီးသီးရှိ ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်စေရန်အတွက်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးရေးကွာဟချက်ကို လျှော့ချရန်အတွက်လည်းကောင်း၊ အာဆီယံ၏အေးအတူပူအမျှ အသိုက်အဝန်း အတူတကွ တည်ဆောက်ရေးကို ထောက်ကူပံ့ပိုးရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးရန်အတွက်လည်းကောင်း ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

### မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစပျိုးလုပ်ငန်းစဉ်များ

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်မြို့၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွှန်ဒိုင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာအပါအဝင် မဲခေါင်နိုင်ငံများအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးမှ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို မဏ္ဍိုင်သုံးခုဖြင့် ဖွဲ့သွားရန် သဘောတူညီခဲ့ပါသည်။ အဆိုပါမဏ္ဍိုင် သုံးခုမှာ-

(၁) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင် (Political and Security)၊

(၂) စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင် (Economic and Sustainable Development) နှင့်

(၃) လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် (Social, Cultural and People to People Exchanges)

တို့ဖြစ်သည်။

နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်အောက်တွင် မဲခေါင်နိုင်ငံများ၏ အစိုးရ၊ လွှတ်တော်၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာ အဖွဲ့အစည်းများကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးအန္တရာယ်အစရှိသည့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား ထိရောက်စွာ တုံ့ပြန်နိုင်ရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး စသည့်လုပ်ငန်းများကို အိမ်နီးချင်းကောင်း ပီသစွာဖြင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင်အောက်တွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ပေါင်းစည်းဆက်နွယ်မှု၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှု၊

**❝ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအခြေပြု အကောင်အထည်ဖော်ဆောင်ရွက်သည့်ပုံစံဖြစ်၍ တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် ထူထောင်ထားရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ယခုအချိန် အထိ အထူးရန်ပုံငွေစီမံကိန်း ၉၂ ခု အတွက် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ သန်းရရှိခဲ့၍ ဝန်ကြီးဌာနအလိုက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ❞**

ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး၊ ရေအရင်းအမြစ်ဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်သည်။

လူမှုရေးယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်တွင် သိပ္ပံနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးကဏ္ဍ၊ မီဒီယာကဏ္ဍ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်သတ်မှတ်ထားပါသည်။

### ဦးစားပေးနယ်ပယ်ငါးခု

ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများသည် ကဏ္ဍငါးခုတွင် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။ အဆိုပါကဏ္ဍငါးခုမှာ-

(၁) ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊

(၂) ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity)၊

(၃) နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross boder economic cooperation)၊

(၄) ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources)နှင့်

(၅) စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agriculture and Poverty Reduction)

တို့ဖြစ်သည်။

### မြန်မာနိုင်ငံနှင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအခြေပြု အကောင်အထည်ဖော်ဆောင်ရွက်သည့်ပုံစံဖြစ်၍ တရုတ်နိုင်ငံမှ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (MLC Special Fund) အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် ထူထောင်ထားရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ယခုအချိန်အထိ အထူးရန်ပုံငွေစီမံကိန်း ၉၂ ခု အတွက် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ သန်းရရှိခဲ့၍ ဝန်ကြီးဌာနအလိုက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါစီမံကိန်း ၉၂ ခုတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၁၈ ဖြင့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံမျှဝေဖလှယ်ခြင်း ခေါင်းစဉ်ဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယင်းစီမံကိန်းမှ မဲခေါင်- လန်ချန်းဒေသတွင်းနိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံ ဗဟုသုတများ ရရှိခဲ့ပါသည်။ ၎င်းအပြင် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုအခြေအနေများကြောင့် မူလစီမံကိန်း ဒီဇိုင်းပြောင်းလဲရေးဆွဲခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကျဆင်းမှု ပြန်လည်ကုစားမှု အစီအစဉ်အရ ဆောင်ရွက်သော Cash for Work စီမံကိန်းနှင့် Village Revolving Fund Project စီမံကိန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ ဖြင့် စီမံကိန်း ၂၂ ခု ခွင့်ပြုခဲ့ရာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အောက်ပါစီမံကိန်းလေးခုကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃ သန်းဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍ စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် မဲခေါင်- လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၀၆၀၀ ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့တွင် ပြည်သူအခြေပြု ရေသန့်စင်စနစ် ပါဝင်သော ကျေးရွာရေရရှိရေးစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇၉၁၀၀ ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာတွင် အသေးစားဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၄၄၆၀၀ နှင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာတွင် အသေးစား ဆိုလာမီးလင်းရေးနှင့် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၇၇၈၀၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းလေးခုအနက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် ကျေးရွာကုန်ထုတ်လုပ်မှု အခြေခံအဆောက်အအုံ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အတွေ့အကြုံမျှဝေခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

"မဲခေါင်- လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း" သည် ယခင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ(IPRCC) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းမှ ရရှိလာသော အကျိုးရလဒ်များကို အခြေခံ၍ စီမံကိန်းပုံစံရေးဆွဲကာ ဆောင်ရွက်သွားမည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။

### ရရှိလာမည့် အကျိုးကျေးဇူးများ

စီမံကိန်းကို ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ ကျေးရွာအဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန်၊ မဲခေါင်- လန်ချန်းနိုင်ငံများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေဖလှယ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါ ရည်ရွယ်ချက်များဖြင့် စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေပြီး မိသားစုဝင်ငွေတိုးပွားလာစေခြင်း၊ ကျေးရွာ၏ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းနှင့် ဈေးကွက်ချိတ်ဆက် ခိုင်မာအားကောင်းလာစေခြင်း၊ ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်း၊ ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးလက်လူမှု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ◆

# မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ မထေရ်မြတ်၏ (၅၈)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာနှင့် မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၄

မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးများ၏ ပဓာနမဟာနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း ပြည်ပမဟာစည်နာယက သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism), M.A(Buddhist Studies, India), Ph.D(Sanskrit University India) မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒ မထေရ်မြတ်၏ (၅၈) နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာနှင့် စာအောင်သံဃာ ဘွဲ့တံဆိပ်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာကြီးအတွင်းရှိ မဇ္ဈိမဂုဏ်ရောင် မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဒေ့ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းကြီး၏ ဦးဆောင်ဆရာတော် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒက မဇ္ဈိမာလင်္ကာရသာမဏေကျော်ဘွဲ့ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များကို ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသည်။

ယင်းနောက် ဇေတဝန်ဓမ္မာရုံဆရာတော် ဒေါက်တာအရှင်သောပါက က စာအောင်သံဃာတော် အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အလှူရှင်များက ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့သည် မဇ္ဈိမာလင်္ကာရသာမဏေကျော်စာမေးပွဲကြီး၌ တတိယအဆင့်ကို အောင်မြင်တော်မူသည့် "မဇ္ဈိမာလင်္ကာရသာမဏေကျော်ဘွဲ့ရ" သာသနာ့အာဇာနည်အရှင်မြတ်များနှင့် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သုံးဆင့်လုံးတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည်အရှင်မြတ် ကိုးပါးတို့ကို ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဇ္ဈိမာလင်္ကာရ သာမဏေကျော်စာမေးပွဲ ကျင်းပရေးအတွက် ပြည်ထောင်စုဝန်ကြီးက အလှူတော်ငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ မဇ္ဈိမာ လင်္ကာရသာမဏေကျော်အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် မဇ္ဈိမာလင်္ကာရသာမဏေကျော် စာမေးပွဲ ကျင်းပရေးအတွက် တစ်ကောင်ဘွားကုမ္ပဏီ လီမိတက်မိသားစုက ငွေကျပ်သိန်း ၅၀၀၀၊ (USA) အောင်စိုးပိုင်ဆန်ပွဲရုံ ဘုရင့်နောင်က ငွေကျပ်သိန်း ၃၀၀၀၊ မြအဏ္ဏဝါပွဲရုံ ဘုရင့်နောင်က ငွေကျပ်သိန်း ၃၀၀၀၊ ရွှေနဒီရွှေရည်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀ တို့ကို လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း ဘွဲ့နှင်းသဘင်အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်းကြီး၏ ဦးဆောင်ဆရာတော် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒနှင့် ဆရာတော်များက မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်း စာအောင်ဆုရရှိကြသည့် သံဃာတော်များအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံ ကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက ဘဝတု သဗ္ဗမင်္ဂလံ(၃)ဂါထာ၊ သဗ္ဗီတိယော(၂)ဂါထာဖြင့် ရွတ်ပွားချီးမြှောက်ပြီး မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းကြီး၏ ဦးဆောင်ဆရာတော် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒထံမှ ရေစက်ချအနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

◆ စာမျက်နှာ ၆ မှ

## စီမံကိန်းအကြိုလုပ်ငန်းများ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ယခုစီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာ ရွေးချယ်အတည်ပြုခြင်း၊ စီမံကိန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊ ရွေးချယ်ထားသော စီမံကိန်းကျေးရွာ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများအား ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ခြင်း (Feasibility Study) များ ပြုလုပ်ခြင်း၊ Feasibility Study အရ ထွက်ပေါ်လာသော အချက်အလက်များကို အခြေခံပြီး ကျေးရွာနှင့်ညှိနှိုင်း၍ ကျေးရွာသူ ကျေးရွာသားများ၏ သဘောတူညီချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းလုပ်ငန်းများ လျာထားသတ်မှတ်ခြင်း၊ တိုင်းတာတွက်ချက်ခြင်း၊ လုပ်ငန်းအလိုက် ရန်ပုံငွေလျာထားသတ်မှတ်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့ပါသည်။

## ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း

စီမံကိန်းလုပ်ငန်းများအား စီမံကိန်း Work Plan နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုစနစ်သည် အလွန်အရေးကြီးလှပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းကော်မတီများအား အဆင့်ဆင့်ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)တွင် စီမံကိန်းဦးဆောင်ကော်မတီဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့အောက်တွင် စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းထားရှိပါသည်။ စီမံကိန်းဦးဆောင်ကော်မတီအနေဖြင့် စီမံကိန်း၏မူဝါဒပိုင်းဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုပြုခြင်း၊ စီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်းအစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းနှင့် စီမံကိန်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် မြို့နယ်အဆင့်တွင် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး စီမံကိန်းအစီအစဉ်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်း၊ ဝယ်ယူရေးဆိုင်ရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လစဉ်တင်ပြအစီရင်ခံခြင်း၊ ကျေးရွာနှင့်ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ နည်းပညာအကူအညီများ ရယူခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကကျပြီး အရေးကြီးဆုံးအဖွဲ့ဖြစ်သည့် ကျေးရွာအဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့မှာလည်း ကျေးရွာသူ ကျေးရွာသားများအား စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်းလာစေရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ စီမံကိန်းလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဝေဖန်အကြံပြုခြင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ

စီမံကိန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် စီမံကိန်း၏ အဓိကလုပ်ငန်းများဖြစ်သည့် အခြေခံအဆောက်အအုံနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း လုပ်ငန်းများ၊ အတွေ့အကြုံမျှဝေဖလှယ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများနှင့် အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့ပြင် စီမံကိန်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ကျေးရွာ၏ တည်နေရာနှင့် မြေပြင်အခြေအနေအရ ကိုက်ညီသောလုပ်ငန်းများနှင့် ကျေးရွာ၏အခြေခံရှိပြီးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာ၏အခြေခံရှိပြီးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ဆောင်ရွက်ပေးခြင်း၊ ယင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် ကုန်ထုတ်လုပ်မှု အခြေခံအဆောက်အအုံနှင့် လူမှုအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ အသင်းအဖွဲ့များဖွဲ့စည်းပေး၍ အစုအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်တတ်စေရန် ဆောင်ရွက်ပေးခြင်း၊ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် သင်တန်းပို့ချခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုလျော့ချရေးလုပ်ငန်းများအတွက် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ကျေးရွာ၏ထုတ်ကုန်များအား ဈေးကွက်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် အတွေ့အကြုံမျှဝေဖလှယ်ခြင်းနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆီသို့

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ဆောင်ရွက်မည့် မဲခေါင်–လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ရေး စီမံကိန်းအပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်ပေးမည့် ပြည်သူအခြေပြု ရေသန့်စနစ်ပါဝင်သော ကျေးရွာရေရရှိရေး၊ အသေးစားဆိုလာမီးလင်းရေးလုပ်ငန်းမှရရှိလာသော အတွေ့အကြုံကောင်းများကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အသုံးပြု၍ စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကျောက်တံတားနှင့် သဃ်န်းကျွန်းမြို့နယ်အတွင်း တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၁၄**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း၌ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့ဝင်များ စာရင်းကောက်ယူနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ပြည်ထောင်စုဝန်ကြီးသည် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး(Working Group)အဖွဲ့ဝင်များက မြို့နယ်ရုံးများရှိ နိုင်-၄ နှင့် အထစ ပုံစံ (၆၆/၆)ပါ အချက်အလက်များအား e-ID Software ဖြင့် ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်းပါ လူဦးရေစာရင်း အချက်အလက်များကို လက်ရှိမြေပြင် လူဦးရေစာရင်း အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး တိုက်ဆိုင်စစ်ဆေးသည့် လူဦးရေစာရင်း အချက်အလက်များ စနစ်တကျရေးသွင်း မှတ်တမ်းတင်ရန်၊ စာရင်းဇယားမှန်ကန်စေရန်နှင့် အများပြည်သူဖြေကြားမှု အဆင်ပြေစေရေးအတွက် အလေးဂရုပြုဆောင်ရွက်ရန် မှာကြားကာ အိမ်ရှင်မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် (၂၄)ရပ်ကွက် ကျောက်စိမ်းလမ်းအတွင်း၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များက တစ်အိမ်တက်ဆင်း လူဦးရေစာရင်း အချက်အလက်များ တိုက်ဆိုင်စစ်ဆေး မေးမြန်းရေးမှတ်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စာရင်းကောက်ယူရေးအဖွဲ့များကို လူဦးရေစာရင်းအချက်အလက်များ မှန်ကန်ပြည့်စုံစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး အိမ်ရှင်မိသားစုများကို မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကောက်ယူပြီးစီးနိုင်ရေး**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်တွင် ရပ်ကွက် ကိုးရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၁၇၁၈ စု၊ ကောက်ကွက်ပေါင်း ၃၁ ကွက်ကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်တွင် ရပ်ကွက် ၃၈ ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၇၆၆၉၅ စု၊ ကောက်ကွက်ပေါင်း ၂၀၀ ကိုလည်းကောင်း တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့များဖြင့် သတ်မှတ်ကာလအတွင်း လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မှန်ကန်သော မဲဆန္ဒရှင်စာရင်း ပြုစုနိုင်ရေးအတွက် လူဦးရေစာရင်းမှန်ကန်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် လူထုအခြေပြုဗဟိုဌာနတို့ကို လည်းကောင်း၊ ဟိုပုံးမြို့နယ်ရုံးကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြည့်ရှုပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ လင်းခေးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မောက်မယ်မြို့နယ်ဦးစီးမှူး၊ ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသအားလုံးနီးပါးသည် တည်ငြိမ်အေးချမ်းနေသဖြင့် ပြည်သူလူထုမှာ စိတ်ချမ်းသာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ကြကြောင်း၊ ထိုကဲ့သို့ကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုကိုဆက်လက်ထိန်းသိမ်းပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများကိုလည်း အသိပညာ ဗဟုသုတပေးရန် လိုကြောင်း၊ လူငယ်များ ပြုစုပျိုးထောင်ရေးကို ဆက်လက် ဆောင်ရွက်သွားကြရန်နှင့် မကြာမီ နွေရာသီကျောင်းပိတ်ရက်ကာလများ ရောက်ရှိတော့မည်ဖြစ်ရာ ထိုကာလရှည်ကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျောင်းသားကျောင်းသူများ အသိပညာ ဗဟုသုတ ပြန့်ပွားရေးအတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ရေးကို ကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ကြရန်နှင့် ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ် ဂရုပြုရန်တို့ မှာကြားသည်။

**သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျိုက်မရော ဇန်နဝါရီ ၁၄**

ကျိုက်မရောမြို့နယ်၌ ဆောင်းနေကြာ ဆီထွက်သီးနှံ ဧက ၁၀၅၀ စိုက်ပျိုးရန် လျာထားရာ ၁၅၇၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျိုက်မရော မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာ စိုက်ပျိုးရန်လျာထားချက်မှာ ဧက ၁၀၅၀ ရှိပြီးယနေ့အထိ ရပ်ကွက်/ကျေးရွာ ၄၇ အုပ်စုမှ ရေဆင်းစပ်မျိုး(၁) စိုက်ဧက ၁၆၇၀ ကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ သီးနှံပုံစံအလိုက် စိုက်ပျိုးထားရှိမှုမှာ တစ်မြို့နယ်လုံးအနေဖြင့် စိုက်ပျိုးဧကလျာထားချက်ထက် ကျော်လွန်စိုက်ပျိုးထားနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို “အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဇာတ်တော်ကြီး”တင်ဆက်ကပြနေမှု ကြည့်ရှုအားပေး





ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက တင်ဆက်ကပြလျက်ရှိသော “အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဇာတ်တော်ကြီး”ကို ယနေ့ မွန်းလွဲ ၁နာရီတွင် တတိယနေ့အဖြစ် ဆက်လက်တင်ဆက်ကပြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဇာတ်တော်ကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်သားစစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကပြပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖျော်ဖြေတင်ဆက်ကပြခဲ့သော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ် တောင်လွှဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ပေါင်းတည် ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်လွှဲကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက တောင်လွှဲကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တောင်လွှဲကျေးရွာကုန်ထုတ်လမ်း အရှည်ပေ ၆၅၀၀၊ အကျယ် ၁၂ ပေ၊ မြေနီကျောက်စရစ် ဒုကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် အလျားလေးပေ ခြောက်လက်မ၊ အနံ ၁၈ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၇၃၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဇမ္ဗူဒီပါကုမ္ပဏီက ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သုတ**

# စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ သီးနှံအရည်အသွေးမြင့်မားရေးနှင့် ဈေးနှုန်းသေချာမှုရှိပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမှုနှင့် ထိုက်သင့်သည့်အကျိုးခံစားနိုင်ရန် ပါဝင်ပတ်သက်သူအားလုံး တက်ညီလက်ညီ ဆောင်ရွက်ကြရန်လို



နေပြည်တော် ဇန်နဝါရီ ၁၄

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ သီးနှံအရည်အသွေးမြင့်မားရေးနှင့် ဈေးနှုန်းသေချာမှုရှိပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမှုနှင့် ထိုက်သင့်သည့် အကျိုးခံစားနိုင်ကြစေရန် လယ်ယာကဏ္ဍလုပ်ငန်း ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး တက်ညီလက်ညီဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့များနှင့် ကြိတ်ခွဲရောင်းဝယ်သူများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးကြိုးပမ်းကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တိုက်တွန်းပြောကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံစဉ် ထိုသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီးအတွင်း စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဝါသီးနှံကို အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မိုးစပါးဧက ခြောက်သိန်းကျော်နှင့် နွေစပါးဧက ငါးသောင်းကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းအားပေးလျက်ရှိကြောင်း၊ နွေစပါးဧက ၂၅၀၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းဒေသကြီး၏ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့်အတူ တောင်သူတစ်ဦးချင်း၏ ဝင်ငွေမြင့်မားလာရေးအတွက်လည်း ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်က မြို့သစ်မြို့နယ်အတွင်း နွေစပါးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၊ တောင်သူများက လုပ်ငန်းလိုအပ်ချက်နှင့် သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံပြီး နွေစပါးသီးနှံအတွက် လျာထားဆောင်ရွက်နိုင်မည့် ရေမြေသဘာဝအခြေအနေနှင့် အခွင့်အလမ်းများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ရေသယံဇာတ၊ မြေသယံဇာတများကို ထိရောက်စွာအသုံးချပြီး သီးထပ်စိုက်ဧကများ တိုးတက်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လုပ်ငန်းရှင်များ၊ တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်းလုပ်ငန်းမှ တောင်သူများ၏ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် သွင်းအားစုများ ထည့်သွင်းအသုံးပြုနိုင်ရေး၊ သီးနှံဈေးနှုန်းနှင့် ဈေးကွက်သေချာရေး စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုနိုင်ရေး၊ နည်းပညာနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ ဝင်ငွေပိုမိုရရှိမှုနှင့်အတူ စီမံကိန်းတွင် ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


# မွေးမြူထုတ်လုပ်မှုမြှင့်တင် AI နည်းပညာတစ်ခွင်အကြောင်း တစေ့တစောင်း

မောင်စော(မွေးမြူဆေးကု)၊ မွေးသု

မွေးမြူထုတ်လုပ်ရေးနှင့် မျိုးမြှင့်တင်ရေး နယ်ပယ်တွင် AI ခေါ် Artificial Insemination (မေထုန်မဲ့သားစပ်ခြင်း)နည်းပညာကို လူသိများကြပြီး မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် မရှိမဖြစ်အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်ပါသည်။ ၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့သည့် AI ခေါ် Artificial Intelligence (ဉာဏ်ရည်တု) နည်းပညာသည် ဖန်တီးပြုလုပ်ထားသည့် မှတ်ဉာဏ်အတုနည်းပညာတစ်ခုဖြစ်ပြီး အလိုအလျောက်သင်ယူလေ့လာနိုင်စေရန် ရေးဆွဲထားသော ကွန်ပျူတာပရိုဂရမ်တစ်ခုပင်ဖြစ်သည်။ ယနေ့ ၂၁ ရာစုခေတ်တွင် AI ဉာဏ်ရည်တုနည်းပညာကို နယ်ပယ်မြောက်မြားစွာတွင် အသုံးပြုလာကြပြီဖြစ်သည်။ ထို့အတူ ယနေ့ခေတ်စားနေသည့် AI ဉာဏ်ရည်တုနည်းပညာသည် ကမ္ဘာတစ်လွှားရှိ ခေတ်မီမွေးမြူထုတ်လုပ်ရေးနှင့် ဆေးကုသရေးကဏ္ဍတွင်လည်း မရှိမဖြစ်အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်လာပြီး Smart livestock farm (နည်းပညာဖြင့် ပြီးပြည့်စုံသော မွေးမြူထုတ်လုပ်ရေးလုပ်ငန်း)များလည်း ထူထောင်လာကြသည်ကို တွေ့ရပါသည်။

### နယ်ပယ်အသီးသီးတွင် အသုံးများလာသော AI နည်းပညာ

AI ဉာဏ်ရည်တုနည်းပညာကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကားများ၊ ဒရုန်းယာဉ်များတွင် ထည့်သွင်းအသုံးပြုရုံသာမက မော်တော်ကားထုတ်လုပ်ရေးစက်ရုံများတွင် အလိုအလျောက်ကားအစိတ်အပိုင်း တပ်ဆင်သူစက်ရုပ်များအဖြစ်လည်း အသုံးပြုကြပါသည်။ စားသောက်ဆိုင်များတွင် စားပွဲထိုး၊ ဧည့်ကြိုများအဖြစ်လည်းကောင်း၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူအဖြစ်လည်းကောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ website များ၏ search engine တွင်လည်းကောင်း၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများတွင်လည်းကောင်း AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာကြပြီဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေးကဏ္ဍတွင်လည်း ရိတ်သိမ်းချိန်ရောက်မရောက် စိစစ်ခြင်း၊ အပင်ကျန်းမာရေးနှင့် ရေလိုအပ်မှုအခြေအနေ စစ်ဆေးခြင်း၊ ပေါင်းပင်နှင့် အင်းဆက်ပိုးမွှားများ ထိန်းချုပ်ခြင်းနှင့် မြေဆီလွှာရှိ မြေသြဇာဓာတ်များ ခန့်မှန်းတိုင်းတာခြင်း စသည့် လုပ်ငန်းစဉ်များတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်ကြောင်း သိရသည်။ ထို့အတူ AI ဉာဏ်ရည်တု နည်းပညာကို မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင်လည်း မွေးမြူရေးတိရစ္ဆာန်အလိုက် အသုံးပြုနေကြပြီဖြစ်ပါသည်။




AI ဉာဏ်ရည်တုနည်းပညာဖြင့် တိရစ္ဆာန်တစ်ကောင်ချင်း၏ မျက်နှာအသွင်အပြင်နှင့် အချက်အလက်များ မှတ်သားထားမှုကို ရှင်းလင်းပြသခြင်း။

### တိရစ္ဆာန်မွေးမြူရေးတွင် အသုံးဝင်သည့် AI ဉာဏ်ရည်တုနည်းပညာ

AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုခြင်းဖြင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် မိမိတို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အချိန်ပြည့်စောင့်ကြည့်နိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၎င်းနည်းပညာအကူအညီဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး အသား၊ နို့၊ ဥများနှင့် အခြားထုတ်ကုန်များ အထွက်နှုန်းပိုမိုကောင်းမွန်လာသည်။ AI ဉာဏ်ရည်တုနည်းပညာအကူအညီဖြင့် မွေးမြူရေးတိရစ္ဆာန်များကို နေ့စဉ်ပြုစုစောင့်ရှောက်မှု၊ စီမံခန့်ခွဲမှုများအတွက် ပိုမိုလွယ်ကူလာပြီး မွေးမြူထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိနိုင်ပြီး ဆုံးဖြတ်ချက်များကို လိုအပ်သလို အချိန်မီချမှတ်နိုင်သည်။

မွေးမြူသူများသည် ၎င်းတို့၏တိရစ္ဆာန်များ ဖျားနာနေသည့်အခြေအနေ၊ ကာကွယ်ဆေးထိုးသင့်သည့်အချိန်နှင့် သားစပ်ရန် အဆင်သင့်ဖြစ်နေချိန်ကဲ့သို့ အရေးကြီးသော သတိပေးချက်များရရှိရန် AI ဉာဏ်ရည်တုနည်းပညာက အကူအညီပေးနိုင်ပါသည်။ AI ဉာဏ်ရည်တုနည်းပညာဖြင့် မွေးမြူရေးတိရစ္ဆာန်၏ ခန္ဓာကိုယ်အရွယ်အစား ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တစ်ကောင်ချင်းစီ၏ မျက်နှာအသွင်အပြင်ကို မှတ်သားထားနိုင်၏။ တိရစ္ဆာန်များကို ရေသောက်နှုန်း၊ အစာစားသုံးနှုန်းနှင့် ကိုယ်အလေးချိန်တိုးတက်နှုန်းတို့ကို အချိန်ပြည့်စောင့်ကြည့်နိုင်ရုံသာမက ၎င်းတို့၏ ကိုယ်ခန္ဓာအပူချိန်၊ စရိုက်သွင်ပြင်လက္ခဏာနှင့် အပြုအမူတို့ကိုလည်း မှတ်တမ်းတင်နိုင်ကာ ပုံမှန်ဟုတ်၊ မဟုတ် သုံးသပ်နိုင်သည်။ ထို့အပြင် စက်အမြင်အာရုံခံစနစ်ကို အသုံးပြုပြီး မျက်နှာအသွင်အပြင်များကို မှတ်သားကာ ကိုယ်ခန္ဓာ၊ မျက်နှာအသွင်အပြင်နှင့် သွားလာလှုပ်ရှားဟန်များကို တစ်ကောင်ချင်းစီ စောင့်ကြည့်မှတ်တမ်းယူနိုင်သည်။ တိရစ္ဆာန်များ ဘဝသာယာရေး (Animal welfare) စံချိန်စံညွှန်းနှင့် ညီညွတ်မှုရှိ၊ မရှိကိုလည်း နည်းပညာအကူအညီဖြင့် ဆန်းစစ်နိုင်သည်။

ယခုအခါ သုတေသီများသည် တိရစ္ဆာန်များ၏ မျက်နှာအသွင်အပြင် ခွဲခြားမှတ်သားခြင်း၊ အပြုအမူများနှင့် ရောဂါလက္ခဏာဆိုင်ရာများ ခွဲခြားမှတ်သားခြင်းနှင့် တိရစ္ဆာန်များ၏ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို မှတ်သားခြင်းတို့နှင့် ပတ်သက်သည့် AI models of machine learning, deep learning, artificial neuro networks စသည့် နည်းပညာဆိုင်ရာ သုတေသနများကို တွန်းအားပေးဆောင်ရွက်လာကြကြောင်း တွေ့ရှိရပါသည်။ ဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများရှိ လယ်သမားများသည် AI ဉာဏ်ရည်တု နည်းပညာ၏ အသုံးဝင်မှုများစွာကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဝယ်လိုမှု လျင်မြန်စွာတိုးတက်လာကြောင်းသိရှိရပါသည်။ သုတေသီများ၏ ကောက်ယူခဲ့သည့် သုတေသနစစ်တမ်းများအရ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတစ်ခုတည်းအတွက်ပင် ကမ္ဘာ့ AI ဉာဏ်ရည်တုနည်းပညာဈေးကွက်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၈၅၂ ဒသမ ၂ သန်းခန့်ရှိနေရာမှ ဒေါ်လာသန်းပေါင်း ၈၃၇၉ ဒသမ ၅ အထိ တိုးတက်လာပြီး (၂၀၂၀-၂၀၃၀) ကာလအတွင်း ၂၄ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်မှန်းထားကြသည်။

### နို့စားနွားမွေးမြူရေးခြံနှင့် AI ဉာဏ်ရည်တုနည်းပညာ

နို့စားနွားမွေးမြူရေးတွင် တစ်ကောင်ချင်းစီ၏ နို့အထွက်နှုန်းကို ဂရုစိုက်ရန်လိုသလို ထုတ်လုပ်မှုကို ရေရှည်ထိန်းသိမ်းရန်လည်း အလွန်အရေးကြီးသည်။ ထုတ်လုပ်မှုကို လွှမ်းမိုးသည့်အချက်များစွာရှိသည့်အနက် အစာကျွေးမွေးမှုစနစ်သည် နို့စားနွားမွေးမြူထုတ်လုပ်ရေးအတွက် အရေးကြီးဆုံးအချက်တစ်ချက်ပင်ဖြစ်သည်။ နွားတစ်ကောင်ချင်းအတွက် လိုအပ်သည့် အစာပမာဏကို AI ဉာဏ်ရည်တု နည်းပညာအကူအညီဖြင့် တိကျမှန်ကန်စွာ တွက်ချက်စောင့်ကြည့်ကာ လိုအပ်သလောက်သာ ကျွေးမွေးရသောကြောင့် ကုန်ကျစရိတ်ကိုပါ အလေအလွင့်မရှိအောင် စီမံနိုင်ပြီး အကျိုးအမြတ်ကို ပိုမို၍ ရရှိစေနိုင်သည်။ အာရုံခံစနစ် အသုံးပြုခြင်းဖြင့် နွားတစ်ကောင်ချင်းစီ၏ မျက်နှာအသွင်အပြင်ကို မှတ်သားနိုင်ခြင်းကြောင့် ၎င်း၏ လှုပ်ရှားမှု၊ လမ်းလျှောက်ချိန်၊ မစင်စွန့်ထုတ်မှု၊ အစာစားချိန်နှင့် ရေသောက်ချိန်များကို တိကျစွာမှတ်တမ်းတင်နိုင်သည်။ ထိုသို့မှတ်တမ်းတင်ခြင်းခြင့် ရောဂါဖြစ်ပွားနေသည့် နွားကိုလည်း အချိန်မီသိရှိဖော်ထုတ်နိုင်ပြီး လိုအပ်သည့် ကုသမှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်သည်။ နွားနို့ညှစ်ရမည့်နွားနှင့် ညှစ်ရမည့်ပမာဏကိုလည်း ဖော်ထုတ်ပေးနိုင်၏။ ပညာရှင်များ၏အဆိုအရ စားသုံးသူများအတွက် နွားနို့တွင်ပါဝင်သော အာဟာရဓာတ်များနှင့် နွားနို့အရည်အသွေးကိုသာမက အစားအစာဘေးကင်းမှုဆိုင်ရာအချက်အလက်များကိုလည်း ဖော်ပြပေးနိုင်သည်ဟုသိရှိရပါသည်။ စားကျက်စိုက်ခင်းအတွင်း၌ နွားများ၏ အစာစားမှုနှင့် လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်ခြင်းအားဖြင့် စားကျက်စိုက်ခင်း အခြေအနေနှင့် မြက်အထွက်နှုန်းတို့ကို သုံးသပ်နိုင်ပြီး စားကျက်စိုက်ခင်း စီမံခန့်ခွဲမှုများကိုလည်း များစွာ အထောက်အကူပြုနိုင်ပါသည်။

### အသားထုတ်လုပ်ရေးမွေးမြူရေးခြံများနှင့် AI ဉာဏ်ရည်တုနည်းပညာ

အသားသည် ကမ္ဘာတစ်ဝန်းရှိ လူသားများအတွက် အဓိက ပရိုတိန်းရင်းမြစ်တစ်ခုပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိလူအများစုသည် ကြက်သားကို ကြိုက်နှစ်သက်ကြသည်။ ထို့အပြင် ကျွဲ၊ နွား၊ သိုး၊ ဝက်၊ ဆိတ် စသည့် မွေးမြူရေးတိရစ္ဆာန်တို့၏ အသားများကို လူကြိုက်များပြီး စားသုံးမှုနှုန်းလည်း များပြားပါသည်။ ၎င်းတို့အနက် လူကြိုက်များသည့် အသားတစ်မျိုးဖြစ်သည့် ဝက်သားနှင့် ဝက်မွေးမြူထုတ်လုပ်ရေးသည် အရေးပါသည့် မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ ဝက်မွေးမြူထုတ်လုပ်ရေးတွင်လည်း AI ဉာဏ်ရည်တုနည်းပညာကို ထိရောက်စွာ အသုံးပြုနိုင်ပါသည်။ ဝက်၏ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ထိုး၍ မှတ်သားထားခြင်းဖြင့် ပုံမှန်မဟုတ်သည့် ဝက်များ၏ လှုပ်ရှားမှုများကို AI ဉာဏ်ရည်တုနည်းပညာဖြင့် ဖော်ထုတ်နိုင်ပြီး လိုအပ်သည့် စီမံခန့်ခွဲမှုများကို အချိန်မီပြုလုပ်နိုင်ပါသည်။ ထို့အတူ သိုးမွေးမြူရေးတွင်လည်း သိုးတစ်ကောင်ချင်းစီ၏ မျက်နှာကို AI ဉာဏ်ရည်တုနည်းပညာဖြင့် မှတ်သားထားစေပြီး သိုးများ၏ ပုံမှန်လှုပ်ရှားမှုများနှင့် ရောဂါဖြစ်ပွားနေသည့် သိုးများ၏အပြုအမူများကို ခွဲခြားဖော်ထုတ်နိုင်သည်။ ရောဂါဖြစ်ပွားနေသည့်သိုးကို အချိန်မီ ဖော်ထုတ်နိုင်သဖြင့် တိရစ္ဆာန်ဆေးကုဆရာဝန်များက လိုအပ်သည့် စစ်ဆေးကုသမှုများကို ပြုလုပ်နိုင်သည်။

ထို့အပြင် အသားပြုပြင်ထုတ်လုပ်ရာတွင်လည်း အာရုံခံစနစ်သုံးစက်ရုပ်များ အသုံးပြုကာ အရိုးနှင့်အသားခွဲခြားဖြတ်တောက်ခြင်း၊ အသားအရည်အသွေးနှင့် အလေးချိန်ကို တိကျမှန်ကန်စွာ ခွဲခြားထုပ်ပိုးခြင်း စသည့်လုပ်ငန်းစဉ်များတွင် အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

### ကြက်မွေးမြူရေးခြံနှင့် AI ဉာဏ်ရည်တုနည်းပညာ

မွေးမြူရေး တိရစ္ဆာန်များတွင် ကျွေးမွေးသည့် အစာ၌ အာဟာရဓာတ်ချို့တဲ့ပါက ကြီးထွားနှုန်းကျဆင်းပြီး စီးပွားရေးကို ထိခိုက်နိုင်ပါသည်။ ကြက်မွေးမြူရေးခြံများတွင် AI ဉာဏ်ရည်တုနည်းပညာသုံးစက်များ စာမျက်နှာ ၁၁ သို့ ☆

AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုခြင်းဖြင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မိမိတို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးကို အချိန်ပြည့်စောင့်ကြည့်နိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၎င်းနည်းပညာအကူအညီဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး အသား၊ နို့၊ ဥများနှင့် အခြားထုတ်ကုန်များ အထွက်နှုန်းပိုမိုကောင်းမွန်လာသည်။ AI ဉာဏ်ရည်တု နည်းပညာအကူအညီဖြင့် မွေးမြူရေးတိရစ္ဆာန်များကို နေ့စဉ်ပြုစုစောင့်ရှောက်မှု၊ စီမံခန့်ခွဲမှုများအတွက် ပိုမိုလွယ်ကူလာပြီး မွေးမြူထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိနိုင်ပြီး ဆုံးဖြတ်ချက်များကို လိုအပ်သလို အချိန်မီချမှတ်နိုင်

# စစ်တွေမြို့၌ စုပေါင်းအမှိုက်ကောက်ပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်ကာ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ စုပေါင်းအမှိုက်ကောက်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ ကျင်းပသည်။

**စနစ်တကျစွန့်ပစ်**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ်အတွင်း မိမိတို့နေထိုင်ရာ မြို့/ရွာများ သန့်ရှင်းသာယာ သပ်ရပ်နေစေရေးအတွက် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရေး ပလတ်စတစ်အပါအဝင် အမှိုက်များ သိမ်းဆည်းစွန့်ပစ်ခြင်းဆိုင်ရာ အချက်တစ်ချက်အနေဖြင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်စေရန် လှုံ့ဆော်သည့်သဘောသက်ရောက်သောအားဖြင့် စုပေါင်းအမှိုက်ကောက်ပွဲများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပြည်သူများပါဝင်သော အမှိုက်ကောက်ပွဲပြုလုပ်ခြင်းဖြင့် ပြည်သူများ လိုက်ပါဆောင်ရွက်ပြီး အစိုးရအဖွဲ့အစည်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ ဝိုင်းဝန်းပြီး အမှိုက်ကင်းစင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် “စိမ်းလန်းသန့်ရှင်းသော အနာဂတ်ဆီသို့” အသိပညာပေး မြေစိုက်ပိုစတာကို စိုက်ထူပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သည့် စုပေါင်းအဖွဲ့သည် လူထုလှုပ်ရှားမှုတစ်ရပ်အဖြစ် စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် စစ်တွေဟိုတယ်ကမ်းခြေတို့တွင် ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကော့သောင်းမြို့၌ လူဦးရေစာရင်းကောက်ယူနေမှု လိုက်လံကြည့်ရှုအားပေး

**ကော့သောင်း ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုအားပေးသည်။

တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ဇန်နဝါရီ ၉ ရက်မှ စတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့တွင် စာရင်းကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အေးမြကန်သာရပ်ကွက် နွယ်သာဂီလမ်းနှင့် ပိတောက်ရွှေဝါရပ်ကွက် ဗဟိုလမ်းတို့၌ စာရင်းကောက်အဖွဲ့များက တစ်အိမ်တက်ဆင်း စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းစဉ်တစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများနှင့် ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့တို့က ဝိုင်းဝန်းကာ အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုးစားပေးစေလိုကြောင်း အားပေးစကားပြောကြားပြီး နေ့တွက်စရိတ်အဖြစ် ငွေကျပ် ၃၀၇၂၀၀၀၀ အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

တပ်ဆင်အသုံးပြုခြင်းဖြင့် ကြက်တစ်ကောင်ချင်းစီ၏ ကြီးထွားမှုအခြေအနေကိုသိရှိနိုင်ပြီး ကြီးထွားနှုန်းလျော့နည်းနေသည့်ကြက်ကို ခွဲခြားသိမြင်စေနိုင်သည်။ ကျန်းမာသည့် ကြက်များနှင့် ရောဂါကူးစက်ခံထားရသော ကြက်များကို ခွဲခြားနားလည်အောင် စက်များကိုလေ့ကျင့်ပေးနိုင်သည်။ AI ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်များသည် ကြက်မွေးမြူသူများကို နည်းလမ်းအမျိုးမျိုးဖြင့် များစွာအကူအညီပေးနိုင်သည်။ ၎င်းစက်ရုပ်များသည် ကြက်များကို အစာကျွေးခြင်း၊ ကြက်ဥကောက်ခြင်းနှင့် ကြက်မစင်နှင့် အညစ်အကြေးများ ဖယ်ရှားခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို ကြိမ်ဖန်များစွာ ထပ်တလဲလဲ ဆောင်ရွက်နိုင်ကြသည်။ ကြက်ဥများကို စုဆောင်းပေးရုံမက ရေတွက်ခြင်းနှင့် ထုပ်ပိုးခြင်းကဲ့သို့သောလုပ်ငန်းစဉ်များကိုလည်း အလိုအလျောက်ပြုလုပ်ပေးနိုင်ကာ လူတို့၏ အနီးကပ်ကြီးကြပ်မှုများကို လျှော့ချပေးနိုင်သည်။


ထို့အပြင် နည်းပညာအကူအညီဖြင့် ကြက်ဥများ သန္ဓေအောင်၊ မအောင်ကို သိရှိနိုင်ရုံမက သန္ဓေသားကြီးထွားမှုအဆင့်ဆင့်ကိုပါ သိရှိနိုင်သဖြင့် သားမအောင်သည့် ကြက်ဥများကို ဆောလျင်စွာ ဖယ်ရှားနိုင်သည်။ ကြက်ဥဖောက်စက်၏ အပူချိန်နှင့် စိုထိုင်းဆတို့ကို အလိုအလျောက် ထိန်းညှိပေးနိုင်ခြင်းကြောင့် ကြက်သားဖောက်လုပ်ငန်းတွင် ဥပေါက်နှုန်းကောင်းအောင် အထောက်အကူပြုနိုင်သည်။ AI ဉာဏ်ရည်တုနည်းပညာသုံးစက်ရုပ်များသည် ကြက်မွေးမြူရေးလုပ်ငန်းအတွက် လုပ်ငန်းတာဝန်အမျိုးမျိုးထမ်းဆောင်နိုင်ပြီး ကြက်မွေးမြူထုတ်လုပ်သူများအတွက် ကုန်ကျစရိတ်များ သက်သာစေပြီး အကျိုးအမြတ်ကိုများစေပါသည်။

### အင်းဆက်မွေးမြူရေးနှင့် AI ဉာဏ်ရည်တုနည်းပညာ

ပျားမွေးမြူရေးလုပ်ငန်းသည် လူသားများအတွက် စားသုံးရန်နှင့် ကျန်းမာရေးထောက်အကူပြုသည့် ပျားရည်၊ ရှိုင်ရယ်ဂျယ်လီ၊ ပျားဝတ်မှုန်နှင့် ပျားဖယောင်းတို့ကို ထုတ်လုပ်ပေးလျက်ရှိသော အရေးကြီးသည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့အပြင် ယနေ့တိုးပွားလာသည့် လူဦးရေအတွက် ပရိုတိန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လူတို့စားသုံးနိုင်သည့် အင်းဆက်ပိုးများမွေးမြူခြင်းသည်လည်း အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်လာနေပါသည်။ AI ဉာဏ်ရည်တုနည်းပညာအသုံးပြုခြင်းဖြင့် ပျားမွေးမြူရေးကိုလည်း များစွာအထောက်အကူပြုပြီး ထုတ်လုပ်မှုကိုတိုးတက်စေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာရုံခံကိရိယာများ၏ အကူအညီဖြင့် ပျားအုံအလေးချိန်၊ အပူချိန်နှင့် စိုထိုင်းဆတို့ကို စောင့်ကြည့်နိုင်သည်။ ပျားများ၏ လှုပ်ရှားမှုများနှင့် ပျားအုံကျန်းမာရေး အခြေအနေများကိုပါ ထောက်လှမ်းကြည့်ရှုနိုင်သည်။အသံလှိုင်းအတုဖြင့် ပျားများ စုဝေးအုံဖွဲ့လာအောင် ဆွဲဆောင်နိုင်ပြီး ပျားမွေးမြူရေးသမားများ ပျားအုံရွှေ့ပြောင်းရာတွင် များစွာ အသုံးဝင်သည်။ ပုရစ်ကဲ့သို့သော အင်းဆက်ပိုးများ မွေးမြူရာတွင် အပူချိန် (၉၀ °F)နှင့် စိုထိုင်းဆ (၅၀-၉၀ %) လိုအပ်ပါသည်။ အသံဖြင့် အမိန့်ပေးစနစ်ပါဝင်သည့် AI ဉာဏ်ရည်တု နည်းပညာ တပ်ဆင်ထားခြင်းဖြင့် အင်းဆက်တို့အတွက် အသင့်တော်ဆုံး ပတ်ဝန်းကျင်အခြေအနေကို အလိုအလျောက် ပြောင်းလဲပေးနိုင်သည်။

### ငါးမွေးမြူရေးနှင့် AI ဉာဏ်ရည်တုနည်းပညာ

ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အမျှ ငါးစားသုံးမှုမြင့်မားလာကာ ငါးထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်လာပါသည်။ ထိုသို့လိုအပ်ချက်မြင့်မားလာသည့်အတွက် ခေတ်မီနည်းပညာသုံး ငါးမွေးမြူရေးစနစ်ဖြင့် ငါးမွေးမြူထုတ်လုပ်ရန် လိုအပ်လာသည်။ AI ဉာဏ်ရည်တုနည်းပညာ အထောက်အကူဖြင့် Smart aquaculture အဖြစ် ဖန်တီးနိုင်ပြီး ငါးမွေးမြူရေးကန်၏ ရေအရည်အသွေး (pH၊ အပူချိန်၊ အောက်ဆီဂျင်ပျော်ဝင်မှု စသည်)ကို သိရှိနိုင်ခြင်း၊ ရောဂါကျရောက်မှု အခြေအနေကို သိရှိနိုင်ခြင်း၊ အစာအလေအလွင့်ကို သိရှိနိုင်ပြီး အစာလိုအပ်ချက် အတိအကျကျွေးမွေးကာ အကျိုးအမြတ်များအောင် စီမံနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ ငါးမွေးမြူထုတ်လုပ်ရေးတွင် ကုန်ကျစရိတ်၏ (၆၀ %) သည် အစာအတွက် ကုန်ကျခြင်းဖြစ်ပါသည်။ ထို့ကြောင့် လိုအပ်သော အစာပမာဏကို လိုအပ်သည့်အချိန်တွင် မှန်ကန်စွာ ကျွေးမွေးနိုင်မှသာ အကျိုးအမြတ်များများ ရရှိပါမည်။ အာရုံခံနည်းပညာ အကူအညီဖြင့် ငါးများ၏ အစာလိုအပ်ချက်များကို သိရှိနိုင်သည်။ ထို့အပြင် ငါးမွေးမြူရေးကန်တွင် ရေကို အလိုအလျောက် လည်ပတ်မှုစနစ်တပ်ဆင်ထားပြီး အာရုံခံကိရိယာများ၏အကူအညီဖြင့် လိုအပ်သည့်အချိန်တွင် ရေကိုလည်ပတ်စေနိုင်သည်။ အချို့နိုင်ငံများတွင် အသုံးပြုလျက်ရှိသည့် Aquapod ခေါ် ရွှေ့လျားငါးလှောင်မွေးစနစ်တွင် AI ဉာဏ်ရည်တုနည်းပညာကိုအသုံးပြုခြင်းဖြင့် ပင်လယ်ပြင်တွင် ထားရှိသော လှောင်အိမ်ပျက်စီးမှု ရှိ၊ မရှိ သိရှိနိုင်ခြင်း၊ ပျက်စီးပါကလည်း ရေအောက်စက်ရုပ်များဖြင့် အချိန်မီပြင်ဆင်နိုင်ခြင်း၊ သဘာဝအခြေအနေအပေါ်မူတည်ပြီး လိုအပ်သလိုရွှေ့ပြောင်းနိုင်ခြင်း၊ ရေအပေါ်ပိုင်း/ရေနက်ပိုင်း လိုအပ်သလိုရွှေ့ပြောင်းနိုင်ခြင်း၊ ရေအရည်အသွေးများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး လိုအပ်သလိုပြောင်းရွှေ့မှုပြုလုပ်နိုင်ခြင်း စသည့်စီမံခန့်ခွဲမှုများကို ပြုလုပ်နိုင်ပါသည်။




AI ဉာဏ်ရည်တုနည်းပညာဖြင့် ငါးမွေးမြူထုတ်လုပ်ရေးစနစ်ကို Smart aquaculture အဖြစ် ဖန်တီးပြုလုပ်နိုင်သည်ကို ရှင်းလင်းပြသခြင်း။

### ထုတ်လုပ်မှုကဏ္ဍများနှင့် ဉာဏ်ရည်တုနည်းပညာ

ယနေ့ကမ္ဘာကြီးသည် နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ကဏ္ဍအသီးသီး၏ ထုတ်လုပ်မှုလုပ်ငန်းများတွင် လူသားများအတွက် သက်သောင့်သက်သာဖြစ်လာပြီး ထုတ်လုပ်မှုနှုန်းလည်း ပိုမိုကောင်းမွန်လာပါသည်။ AI ဉာဏ်ရည်တုနည်းပညာ အကူအညီဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုလည်း စမတ်ဖုန်းတစ်လုံးရှိရုံဖြင့် အသေးစိတ်အခြေအနေများကို သိရှိနိုင်ပြီး လိုအပ်သည်များကို အချိန်မီစီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ပါသည်။ သို့သော် မည်သည့်နည်းပညာမဆို အဆိုးအကောင်း ဒွန်တွဲလျက်ရှိနေပါသည်။ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းများတွင် AI ဉာဏ်ရည်တုနည်းပညာသုံး စက်ကိရိယာများ တပ်ဆင်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ် အရင်းအနှီးမြင့်မားခြင်း၊ လုပ်သားအသုံးပြုမှုနည်းသွားသဖြင့် အနာဂတ်တွင် လူသားများအတွက် အလုပ်အကိုင်ရှားပါးလာနိုင်ခြင်း စသည့်ဆိုးကျိုးများရှိနိုင်ကြောင်း ပညာရှင်များက ထောက်ပြဝေဖန်မှုများလည်း ရှိနေပါကြောင်း စုစည်းတင်ပြလိုက်ရပါသည်။ ။

**(Bao and Xie, Artificial intelligence in animal farming: A systematic literature review, Journal of Cleaner Production (2022), 331: 129956 ကို မှီငြမ်း၍ ရေးသားပါသည်။)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၂၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၀၂၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၇၆,၄၈၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၄၁)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၂၁၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၀)ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဒုတိယဝန်ကြီး ဦးအေးထွန်း ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကိုဗစ်-၁၉ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ နေထိုင်မှု ရှိ/မရှိ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နှစ်ကာလကြာမြင့်ခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုမဟုတ်ဘဲ နေထိုင်သည့်ဝန်ထမ်းများ၏ပေါ့လျော့မှုနှင့် စည်းကမ်းမရှိခြင်းကြောင့် အိမ်ရာများပျက်စီးပါက နေထိုင်သည့်ဝန်ထမ်းများမှ ပြုပြင်ထိန်းသိမ်းရန်၊ အိမ်ရာပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများနည်းတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ သပ်ရပ်သန့်ရှင်းစေရေးကို အမြဲမပြတ်ဆောင်ရွက်ထားရှိရန်၊ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်၊ ဝန်ထမ်းများအချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ နေထိုင်စားသောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သံတွဲလေဆိပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် သံတွဲလေဆိပ် ရှင်းလင်းဆောင်ခန်းမသို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဆိပ်လုပ်ငန်း ဆောင်ရွက်နေမှုများ၊ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုနှင့် လေဆိပ်မီးသတ်ဌာန လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။



**ကြည့်ရှုစစ်ဆေး**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဘေးအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လေဆိပ်တာဝန်ခံနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ လေဆိပ်အဆောက်အအုံအတွင်း ရောက်ရှိ/ ထွက်ခွာ ခရီးသည်များအတွက် လုံခြုံရေးအရစစ်ဆေးသည့်နေရာများ၊ လေယာဉ်စောင့်ဆိုင်းသည့် နေရာများ စနစ်တကျရှိစေရန်၊ ဝန်ထမ်းများအားလုံး လုံခြုံရေးအသိ/ သတိ/ အမြင် ရှိကြစေရန်၊ လေဆိပ်မီးသတ်ဌာန အနေဖြင့် ဓာတ်တိုက်လေ့ကျင့်မှု စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ ဆင်း/ တက်ပျံသန်းနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်၊ တပ်ဆင်ထားသည့် လေကြောင်းဆိုင်ရာ အထောက်အကူပြု စက်ကိရိယာများ အစဉ်ကောင်းမွန်နေရန် မှာကြားပြီး ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သံတွဲမြို့ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ် မြို့မ(အလက)ကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမများက မြတ်ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမာက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းပညာရေးသာမက အခြားဘက်စုံထူးချွန်ရေးနှင့် ကျောင်း၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြောကြားကာ ကာယဉာဏထူးချွန်ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေကပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံ အာကာသဆိုင်ရာလုပ်ငန်းများ လျင်မြန်စွာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီလက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံအစိုးရတို့သည် အာကာသဆိုင်ရာလုပ်ငန်းများ လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ယနေ့ သဘောတူညီခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာ နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်တို့သည် အာကာသ စူးစမ်းလေ့လာရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံအကြား သဘောတူညီချက်ဆိုင်ရာ မူဘောင်တစ်ရပ်ကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ နာဆာ ရုံးချုပ်၌ ယနေ့ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ငြိမ်းချမ်းသော ရည်ရွယ်ချက်အတွက် ဂျပန်-အမေရိကန် အာကာသ ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံစည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဂျပန်နိုင်ငံသည် စူးစမ်းရှာဖွေရေး ရည်ရွယ်ချက်အတွက် လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် ရည်ရွယ်သည့် အမေရိကန်နိုင်ငံ ဦးဆောင်သည့် အာတီမီ (Artemis program) အစီအစဉ်တွင် ပါဝင်သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အာတီမီ (Artemis program) အစီအစဉ်သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအောင်မြင်ဖြစ်ထွန်းစေနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားခဲ့သည်။

ယခုသဘောတူညီချက်သည် ဂျပန်-အမေရိကန် အာကာသပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် နှင့် နှစ်နိုင်ငံ၏ မဟာမိတ်ဖွဲ့မှုကို အားကောင်းလာစေရန်အတွက် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**









## အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ပိုင်ဆိုင်သည့် ထရမ့်ကုမ္ပဏီအား အခွန်လိမ်လည်မှုနှင့် အခြားစွဲချက်များအတွက် ဒေါ်လာ ၁ ဒသမ ၆ သန်း ဒဏ်ကြေးငွေပေးဆောင်ရန် တရားရုံးက အမိန့်ချမှတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ အိမ်ခြံမြေကုမ္ပဏီအား အခွန်လိမ်လည်မှုအပါအဝင် အခြားစွဲချက်များဖြင့် တရားစွဲဆိုမှုအပေါ် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် တရားရုံးတစ်ရုံးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း ဒဏ်ကြေးငွေပေးဆောင်ရန် ယမန်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သမ္မတဟောင်း ဒေါ်နယ်ထရမ့် သမ္မတရာထူးအာဏာများ တာဝန်ယူဆောင်ရွက်ခြင်းမရှိမီ စီမံခန့်ခွဲခဲ့သည့် ထရမ့်ကုမ္ပဏီသည် အခွန်ရှောင်မှု၊ လိမ်လည်မှုနှင့် အခြားသော ရာဇဝတ်မှုများကျူးလွန်ခဲ့သည်မှာ သိသာထင်ရှားသည့်အတွက် ပြစ်ဒဏ်ချမှတ်ရန် တရားရုံးက ဒီဇင်ဘာလအတွင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ထရမ့်ကုမ္ပဏီအား ယခုချမှတ်ခဲ့သည့် ဒဏ်ကြေးငွေသည် ပြည်နယ်၏ အခွန်နှင့် ပြစ်ဒဏ်ဥပဒေများအောက်တွင် အမြင့်ဆုံးဒဏ်ငွေဖြစ်ကြောင်း မန်ဟက်တန်ခရိုင်ရှေ့နေက ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ယင်းသို့ ကုမ္ပဏီများသည် အခွန်ရှောင်ခြင်းကဲ့သို့သော ဥပဒေနှင့်မညီသည့်လုပ်ရပ်များကို ကျူးလွန်ပါက ထောင်ဒဏ်နှစ်ရှည်ကျခံရခြင်းမရှိသော်လည်း အခွန်အာဏာပိုင်များအား လိမ်လည်လှည့်ဖြား ရှောင်လွှဲရန် မဖြစ်နိုင်ကြောင်းကို လုပ်ငန်းရှင်များသိရှိစေရန် ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှေ့နေတစ်ဦးက ဆိုသည်။

ထရမ့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ်ဟောင်း Allen Weissenlberg သည် ၎င်းထံတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ထောင်ဒဏ်ငါးလ ချမှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။ သမ္မတဟောင်း ထရမ့်သည် ၎င်းကုမ္ပဏီ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ၎င်းအနေဖြင့် ဥပဒေအရ တာဝန်ကင်းလွတ်သော်လည်း လာမည့် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် ထောက်ခံမဲရရှိရန် အခက်ကြုံစေနိုင်ဖွယ်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ဘရာဇီးနိုင်ငံ အစိုးရအဆောက်အအုံများ တိုက်ခိုက်ခံရမှုတွင် သမ္မတဟောင်း ဘော်ဆိုနာရို ပါဝင်ပတ်သက်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးမည်

**ရီရိုဒီဂျနေးရိုး ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၈ ရက်တွင် ဘရာဇီးနိုင်ငံရှိ အစိုးရအဆောက်အအုံများ တိုက်ခိုက်ခံရမှုတွင် သမ္မတဟောင်း ဘော်ဆိုနာရို ပါဝင်ပတ်သက်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် ဘရာဇီးတရားရုံးချုပ်က ယနေ့ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘရာဇီးသမ္မတဟောင်း၏လက်ယာစွန်းရောက်ထောက်ခံသူ ၄၀၀၀ ခန့်သည် ဇန်နဝါရီ ၈ ရက်က ကွန်ဂရက်လွှတ်တော်နှင့် သမ္မတအိမ်တော်အပါအဝင် အခြားအဆောက်အအုံများကို ဝင်ရောက်စီးနင်း ဖျက်ဆီးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများ အနက် ၁၃၀၀ ကျော်ကို ဖမ်းဆီးထားကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ဆိုသည်။

အဓိကရုဏ်းများဖြစ်ပွားပြီးနောက် ဇန်နဝါရီ ၁၀ ရက်တွင် ဘော်ဆိုနာရိုသည် ယမန်နှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ လူလာဒါဆေးဗား၏ အနိုင်ရရှိမှုအပေါ် မေးခွန်းထုတ်သည့် ဗီဒီယိုတစ်ခုကို လူမှုမီဒီယာတွင် တင်ခဲ့သည်။ ယင်းဗီဒီယိုဖိုင်ကို နာရီအနည်းငယ်ကြာပြီးနောက် ဘော်ဆိုနာရိုက ပြန်လည်ဖျက်ပစ်လိုက်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၃ ရက်တွင် အစိုးရရှေ့နေများသည် အဓိကရုဏ်းကို လှုံ့ဆော်သည်ဟု သံသယဖြင့် ဘော်ဆိုနာရိုကို စုံစမ်းစစ်ဆေးရန် တရားရုံးချုပ်အား လျှောက်ထားခဲ့ပြီး ယင်းဗီဒီယိုသည် ဘရာဇီးလီးယားမြို့တော်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုနှင့် ပတ်သက်ဆက်နွှယ်နိုင်ကြောင်း ပြောကြားသည်။

အစိုးရရှေ့နေများ၏ လျှောက်ထားချက်ကို တရားရုံးချုပ်က အတည်ပြုခဲ့ကြောင်း သိရသည်။

လက်ရှိ အမေရိကန်နိုင်ငံသို့ရောက်ရှိလျက်ရှိသည့် ဘော်ဆိုနာရိုသည် တရားရုံး၌ စစ်ဆေးမေးမြန်းမှုခံယူရန် ဘရာဇီးနိုင်ငံသို့ ပြန်လာရဖွယ်ရှိသည်။

ကနဦးသတင်းများအရ သမ္မတဟောင်း ဘော်ဆိုနာရိုက အကြမ်းဖက်မှုများနှင့် လူထု၏ဂုဏ်သိက္ခာကို ပျက်ပြားစေသည့် လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



သမ္မတဟောင်း ဘော်ဆိုနာရို

## ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၅၀၃ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၅၀၃ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၂၆၄ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၃၂၀၇၁ ဦးရှိရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၁၃၀၈၃၅၂ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသူ ၆၉၃ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၀၇၂၇ ဦးသည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၃ ဦးရှိသည်။ လက်ရှိတွင် မြို့တော်အတွင်း၌ ရောဂါပြင်းထန်စွာ ခံစားနေရသူပေါင်း ၄၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# တရားမဝင် ကျောက်စိမ်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များအတွင်းမှ သက်ဆိုင်ရာ တင်သွင်းခွင့်ထောက်ခံချက် မပါရှိသော MI Walkie–Talkie ခြောက်လုံး၊ ကျောက်စိမ်းဟုယူဆရသော ဆွဲသီးအသေး ၂၄၅ ခုအပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသော Polymex Powder ကီလိုဂရမ် ၂၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီ–ဘားအံ–ရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော LED BULB များ၊ SOLAR BULB များ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၃၄၁၆၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၆၃၄၁၆၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်နွန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်သုံးစီးပေါ်မှ တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၂၅၀၀)နှင့် အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်သုံးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၃၂၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ထုံးဘိုလမ်းမကြီးဘေး၊ ကံဦးစေတီလမ်း၊ ဒေါင်းရွှေကျေးရွာရှိ မြေစိုက်ဂိုထောင်အတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စက်မှုကုန်ကြမ်း အဝတ်အထည်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၉၅၆၆၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


ခိုင်ဝမ်(ခ)အားဝမ်၊ လီခိုင်လင့်နှင့် ရှောက်တုန်(ခ)အားတုန်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၂) လမ်းမကြီးနှင့် မောင်းမကန်လမ်းထောင့်တွင် ဝင်းကိုကိုနိုင် ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း။

ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သစ်တောရုံးအနီးတွင် ခိုင်ဝမ်(ခ)အားဝမ် မောင်းနှင်ပြီး လီခိုင်လင့်နှင့် ရှောက်တုန်(ခ)အားတုန်တို့ လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက် လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်–

(က) အဆင်းနှင့်အတက်မော်တော်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ခ ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော်ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက်မော်တော်ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

( ဂ ) အကယ်၍ အဆင်းနှင့်အတက် မော်တော်ယာဉ်များ ဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်းလျှော့မောင်းရမည်။

( င ) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌ သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

( စ ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ မောရပ်သုတ်အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ စန္ဒရားကွန်ချေ်တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၃၀ အသိပညာနှင့်အမှန်တရား
၁၂:၃၀ This Week's Special Interest
၁၂:၅၀ Weekly Local News Highlights
၁၃:၁၀ MRTV National News
၁၃:၃၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ဆောင်းအိပ်မက်'
၁၆:၃၅ ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်
၁၆:၄၅ Sports Diary
၁၈:၀၀ ပြည်တွင်းသတင်း
၁၇:၁၅ ကယားပြည်နယ်နေ့အထိမ်းအမှတ်ဂုဏ်ပြု အစီအစဉ်
၁၇:၄၅ Economic Review
၁၈:၃၅ သုတဝေဖြာ....သီရိဂေဟာ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ဝိန်းကြာဝက်၌တင်သောဂေ' (အပိုင်း–၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ချစ်သောဝါဝါ' (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း–၁)
၂၁:၄၅ ဆေးရောင်စုံရုပ်ရှင် 'ချိန်တန်ပြီ'

### mitv

07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Myanmar Bamboo Xylophone (or) Pattala
07:16 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
07:28 Myanmar Cultural Identities (Kinnari & Kinnara)
07:47 Equestrian Contest on Pa-O Land
08:01 News
08:27 The Art of Taxidermy: U Myo Naing
08:38 Commercial Farming to GDP Growth, Cucumber Grower
09:01 Kayah
09:08 Shop Shop Shop - Bogyoke Market
09:21 Today Myanmar
09:29 Welcome To Naga Land
10:01 News

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မန်ကျည်းပင်၏ကောင်းကျိုးများ
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်ဒေသချောင်းကလေးမှ
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလုပ်မှုဘဝများ(အပိုင်း–၃)
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မာရိဂါးပါးဘုရားဖူးကြမယ်
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
လားရှိုးသို့အလည်တစ်ခေါက်
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
'ဝ' ဥစိုက်ကြမယ်
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်
**စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း–၁၄)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ
**အရှေ့ပိုးကရင် (၂၂ :၀၀ မှ ၂၃:၀၀)**
စာပေအမြုတေ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၀၅ လူမျိုးစုံညီငွေတောင်ပြည်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖိလိပ်ပိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း–၁)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ဂျုံ၊ ကုလားပဲသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဆီ
၀၇:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
၀၇:၁၅ ဘိုရှန်ဓာတ်မြေသြဇာထည့်သွင်း မြေပဲသီးနှံအထွက်တိုးခြင်း
၀၈:၂၀ စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
၀၉:၃၅ တိုက်ကြီးဒေသဆင်းသုခအလှ

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကျောက်တန်းခေတ်မီစံပြကျေးရွာ၌ အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး

**ဟိုပုံး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးမြတ်မင်းနှင့် ကျန်းမာရေးမှူး ဒေါ်စိုးစိုးနိုင်တို့က ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်စသည့် ကျန်းမာရေး အသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်း စာစောင်များကို ကျောက်တန်း ခေတ်မီစံပြကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူ ၁၀၀ ထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

၂၂၂



# လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**လင်းခေး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ် မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံက် ၈ နာရီက ဝမ်ဟတ်တိုက်နယ် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးညီအုပ်စိုး ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ နမ့်ဆိုင်းကျေးရွာ၊ တီညုကျေးရွာနှင့် လွိုင်ဆေကျေးရွာတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ ရပ်နေခြင်း၊ နှေးနေခြင်း၊ပျက်နေခြင်းများ ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်မှုကို လစဉ်သတ်မှတ်ရက်များ အတိုင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝမ်ဟတ်တိုက်နယ် မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သိရသည်။

ဝိုးတောင်း

# ဒိုက်ဦးမြို့နယ်အတွင်း တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးမိုးနှင့်အတူ ဒိုက်ဦးမြို့နယ်အမှတ်(၁) ဈေးပိုင်းရပ်ကွက်၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) တိုက်ဆိုင်စစ်ဆေးခြင်းနှင့် လူဦးရေစာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ကာလ



အတွင်း အချိန်မီပြီးစီးစေရေး ဝိုင်းဝန်းပူးပေါင်းကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၂၇၇၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၇ | ၂၁၀၁ |
| 95 Ron | ၂၀၈၆ | ၂၁၆၂ |
| HSD (500 ppm) | ၂၂၉၆ | ၂၃၇၁ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

**မှတ်ချက်။**

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကချင်ပြည်နယ် အခြေခံပညာကျောင်းသားအားကစားအဖွဲ့အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများပေးအပ်

မြစ်ကြီးနား ဇန်နဝါရီ ၁၄

နေပြည်တော်တွင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၂၀၂၂-၂၀၂၃ အခြေခံပညာကျောင်းသားအားကစားပွဲတော်သို့ ကချင်ပြည်နယ်မှ သွားရောက်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့အား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ကျင်းပသည်။



### အစဉ်အလာကောင်း

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်မှ အားကစားသမားများအနေဖြင့် ရှေးယခင်က နိုင်ငံတော်ကိုယ်စားပြု မြန်မာ့လက်ရွေးစင်အဖြစ် အရှေ့တောင်အာရှနှင့် အာရှအားကစားပြိုင်ပွဲများတွင် ဘောလုံး၊ ရေကူး၊ မာရသွန်အပြေးနှင့် တာတို/တာလတ်အပြေးပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည့် အစဉ်အလာများရှိခဲ့သလို ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ခဲ့ကြောင်း၊ ယနေ့ ကျောင်းသားအားကစားပွဲတော်သို့ သွားရောက်ကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ရှေးအစဉ်အလာကောင်းများကို နမူနာယူပြီး တရားသောယှဉ်ပြိုင်ခြင်းနှင့် အောင်မြင်မှုများရရှိရေး မလျှော့သောဇွဲ၊ လုံ့လဖြင့် ကြိုးစားအားထုတ်ယှဉ်ပြိုင်ကြရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုကြောင်း ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းသားအားကစားအဖွဲ့ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများထံ အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ခဲ့ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားနည်းအလိုက် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ညနေပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများ အောင်မြင်စည်ကားစွာ ကျင်းပနိုင်ခဲ့ရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများအားလုံးကို ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဥပဒေအရာရှိများ အဂတိလိုက်စားမှုကင်းရှင်းစွာ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ တိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

### အထူးအလေးထားဆောင်ရွက်

ရန်ကုန်တိုင်း ဒေသကြီးဥပဒေချုပ် ဦးငွေအောင်က ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်ဥပဒေရုံး ၁၄ ရုံး ဖွင့်လှစ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာစီမံကိန်း၂၀၂၀-၂၀၂၄ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားစွဲဆိုခြင်း မပြုမီ ဥပဒေအကြံဉာဏ်များပေးရာတွင် ဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေရေး၊ တရားရုံးအသီးသီးတွင်ကြားနာစစ်ဆေးဆဲအမှုများ မြန်ဆန်ပြီးပြတ်အောင် ဆောင်ရွက်စေလိုကြောင်း၊ ဥပဒေအရာရှိများ အဂတိလိုက်စားမှုကင်းရှင်းစွာ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်စေလိုကြောင်း၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ လုံခြုံမှုရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်တာက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင် ၁၄ ခရိုင်မှ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေအရာရှိနှင့် ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ခရိုင် ၁၄ ခရိုင်မှ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန်းရွှေစက်တော်ဘုရားကြီးတွင် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေပြီး ဘုရားဖူးများကို ညအိပ်တည်းခိုခွင့်ပြုမည်


မင်းဘူး ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများ တည်းခိုနားနေနိုင်စေရန် မန်းချောင်းသောင်ပြင်အတွင်း၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေပြီး ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ရင်း ညအိပ်တည်းခိုနားနေနိုင်ရန် တည်းခိုဆောင် အလုံးပေါင်း ၁၀၀၀ ခန့်နှင့် ဈေးဆိုင်ခန်းပေါင်း ၅၀၀ ကျော် ဆောက်လုပ်လျက်ရှိရာ ယခုအခါ နမ္မဒါ(၁)၊ (၂) အပါအဝင် သောင်ပြင်တစ်လျှောက် တည်းခိုဆောင် အလုံးပေါင်း ၄၀၀ နှင့် ဈေးဆိုင်ခန်းပေါင်း ၂၀၀ ကျော် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကာ ဆောက်လုပ်ပြီး ဈေးဆိုင်ခန်းများမှာ စတင်ဈေးရောင်းချပေးနေပြီဖြစ်ကြောင်း၊ တည်းခိုဆောင်ငှားရမ်းခနှုန်းထားများမှာတစ်ရက်လျှင် အထူးခန်း (VIP) တည်းခိုဆောင် (ရေချိုးခန်းနှင့်သန့်စင်ခန်းအပါ) ရေစပ်(ကမ်းစပ်) တစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀၊ ၄၀၀၀၀ နှင့် ၃၀၀၀၀ နှုန်း၊ ရိုးရိုးတည်းခိုဆောင် ရေစပ်(ကမ်းစပ်)တစ်ခန်းလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် ရိုးရိုးတည်းခိုဆောင် (ကုန်းပေါ်)တစ်ခန်းလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း၊ တည်းခိုဆောင် ငှားရမ်းခများကို သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက် (ဇန်နဝါရီ ၂၅ ရက်)မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ရက်ပေါင်း ၈၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးများ သွားလာရေးအဆင်ပြေစေရန်အတွက် ယခင်အထူးတံတား (ဘေလီသစ်သားတံတား)နေရာ၌ ဘေလီသံပေါင်တံတားသစ်ကို ဆောက်လုပ်ပေးထားပြီး မင်းဘူး-ရွှေစက်တော်နှင့် တောင်ပေါ်-တောင်အောက် မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးမိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ပြီး မန်းရွှေစက်တော်ဘုရားကြီးနှင့် ဆင်စခန်းရှိ တည်းခိုဆောင်များ၌ အပန်းဖြေညအိပ်တည်းခိုနားနေနိုင်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

မောင်မောင်(မင်းဘူး)



# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)ဘက်စုံသုံးခန်းမ၌ ယနေ့နံနက် ၈ နာရီက ၂၀၂၂-၂၀၂၃ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးဖြင့် တည်ဆောက်မှသာ တိုးတက်လာသော နည်းပညာ၊ ပြောင်းလဲလာသော ခေတ်နှင့်အညီ လေ့လာသင်ယူကြရေး၊ ကျောင်းစာအပြင် စာကြည့်တိုက်မှ ပြင်ပစာပေဗဟုသုတများ ဖတ်ရှုလေ့လာကြရေး၊ ဆရာ ဆရာမများအနေဖြင့် တတ်သည့်ပညာများကို စနစ်တကျ သင်ကြားပေးရေး၊ ကျောင်းသား ကျောင်းသူများကလည်း စနစ်တကျ သင်ယူကြရေး ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့်တာဝန်ရှိသူများက ဘာသာရပ်များတွင် ဆုရရှိသူများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်သူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများသည် ကျောက်ဆည်မြို့ ရဲစုရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်တို့တွင် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူတိုက်ဆိုင် စစ်ဆေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သက်မောင်**

# ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး

**ပေါက်ပေါက်**

မြန်မာနိုင်ငံ၏ လူ့သက်တမ်းသည် တိုတောင်းလှပါသည်။ အမျိုးသားက ပျမ်းမျှ ၆၄ ဒသမ ၅ နှစ်၊ အမျိုးသမီးက ၆၉ နှစ်ဖြစ်၍ တစ်ပြည်လုံးအတိုင်းအတာအရ လူ့သက်တမ်းသည် ပျမ်းမျှ ၆၆ ဒသမ ၈ နှစ်သာရှိကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ အကြောင်းမှာ မြန်မာလူမျိုးတို့၏မိရိုးဖလာအရ ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ ကြံ့ခိုင်မှု လွန်စွာနည်းသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ကလေးအရွယ်ကစ၍ လှုပ်လှုပ်ရှားရှား နေသင့်ပါသည်။ အသက် ငါးနှစ်အောက်ကလေးသည် ပျမ်းမျှတစ်ရက်လျှင် နှစ်နာရီခန့်၊ အသက် ငါးနှစ်မှ (၁၇) နှစ်အရွယ်သည် တစ်ရက်လျှင် တစ်နာရီခန့်၊ အသက် (၁၈) နှစ်အထက်သည် တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ကြာ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်သင့်ပါသည်။

**ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းကြောင့် ကုန်ကျစရိတ်ပိုများလာနိုင်**


ကိုယ်လက်လှုပ်ရှားမှု မရှိခြင်းကြောင့် ဖြစ်တတ်သော နှလုံးရောဂါ၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါ သို့မဟုတ် အခြားမကူးစက်နိုင်သော ရောဂါများ (NCDs) သည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၃၀ ပြည့်နှစ်အကြားတွင် ဖြစ်ပွားမှု ပိုများလာနိုင်ပြီး ကုန်ကျစရိတ်များလည်း ပိုတိုးလာနိုင်၍ နိုင်ငံတကာက အစိုးရများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှု ပိုမိုအားပေးရန်နှင့် အရေးတကြီးလုပ်ဆောင်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၏ စီးပွားရေးဝန်ထုပ်ဝန်ပိုးသည် ယခုအခါသိသိသာသာထင်ရှားနေပြီး ကြိုတင်ကာကွယ်နိုင်သောရောဂါနှင့် မကူးစက်နိုင်သောရောဂါ (NCDs) အသစ်များကိုကုသရန် ကုန်ကျစရိတ်သည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံနီးပါး ရှိလာနိုင်ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ကိုယ်လက်လက်ရှားမှု တိုးတက်လာစေရန် ပန်းခြံများ၊ စက်ဘီးလမ်းကြောင်း၊ ခြေကျင်လမ်းကြောင်း အစရှိသည့်အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း၊ အားကစားနှင့် ကာယပညာမှ ပညာပေးခြင်း အစရှိသည့် အမျိုးသားအဆင့် ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်းသိရသည်။ လူတိုင်းအတွက် ကိုယ်လက်လှုပ်ရှားမှုသည် ပြည်သူများ၏ ကျန်းမာရေးနှင့် စီးပွားရေးကို ပို၍ကောင်းမွန်မည်ဖြစ်ပြီး လူတစ်ဦးချင်းစီအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက်သာမက လူ့အဖွဲ့အစည်းများအတွက်လည်း ကြီးမားကြောင်း ဖော်ပြထားပါသည်။

**နေ့စဉ်ခြေလှမ်း ၁၀၀၀၀ ခန့် လမ်းလျှောက်ပါက ကျန်းမာရေးအတွက် လုံလောက်မှုရှိ**

တစ်ရက်လျှင် ခြေလှမ်း ၁၀၀၀၀ သို့မဟုတ် ထို့ထက်လျော့၍ လမ်းလျှောက်ခဲ့လျှင်ပင် ကျန်းမာရေးကို မြှင့်တင်ရေးအတွက် လုံလောက်မှုရှိနိုင်ကြောင်း အမေရိကန်သုတေသီများက အကြံပြုထားသည်။ အဆိုပါ သုတေသီများသည် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းအရွယ်ရောက်သူ ၆၀၀၀ တို့ကို လေ့လာခဲ့ကြရာ ရလဒ်များအရ နေ့စဉ်ခြေလှမ်း အနည်းဆုံး ၈၀၀၀ မှ ၉၀၀၀ အထိ လမ်းလျှောက်သူများ၌ လာမည့်ခုနစ်နှစ်အတွင်း ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်ရနိုင်ခြေများ ပုံမှန်ထက်ကျဆင်းသွားတတ်ကြောင်း လေ့လာသိရပါသည်။

ခြေလှမ်း ၈၀၀၀ သို့မဟုတ် ၉၀၀၀ သည် လမ်းလျှောက်နှုန်းအပေါ် မူတည်၍ ပျမ်းမျှလေးမိုင် အကွာအဝေးလမ်းလျှောက်မှုနှင့် ညီမျှကြောင်း၊ တစ်ရက်လျှင် ခြေလှမ်း ၈၀၀၀ နှင့် ၉၀၀၀ ကြား လမ်းလျှောက်



မှုကြောင့် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းများတွင် သွေးဖိအား ပုံမှန်ထက်မြင့်မားမှု၊ ဆီးချို၊ အိပ်စက်မှုပုံစံဖောက်ပြန်မှု စသည့်ကျန်းမာရေးပြဿနာပေါ်လာနိုင်ခြေများ ကျဆင်းသွားနိုင်ကြောင်း သိရသည်။

**သက်လတ်ပိုင်းအရွယ်များ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပါက အသက်ပိုရှည်နိုင်**

သက်လတ်ပိုင်းအရွယ် အမျိုးသား အမျိုးသမီးများအနေဖြင့် အိမ်ထဲ၌ငြိမ်မနေဘဲ လမ်းလျှောက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်ပါက အသက်ပိုရှည်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗက်ပြည်သူ့ကျန်းမာရေးသိပ္ပံမှ သုတေသနပညာရှင်များက အကြံပြုထားသည်။ သုတေသီများသည် လူဦးရေ ၁၀၀၀၀၀ ကျော်ကို နှစ်ပေါင်းအတန်ကြာ လေ့လာစောင့်ကြည့်ခဲ့ကြသည်။ လေ့လာချက်ရလဒ်များအရ ကျန်းမာရေးပညာရှင်များ အကြံပြုထားသကဲ့သို့ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သော သက်လတ်ပိုင်းများမှာ အသက်ပိုရှည်နိုင်ခြေမြင့်မားလာကြောင်း အမေရိကန်သုတေသီများက ဆိုပါသည်။

ကျွမ်းကျင်သူများ၏ အကြံပြုချက်အရ သက်လတ်ပိုင်းအရွယ်များအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ မှ ၃၀၀ အထိ လမ်းသွက်သွက်လျှောက်ခြင်းကဲ့သို့ အထိုက်အလျောက်အားထုတ်ရသည့် လေ့ကျင့်ခန်းမျိုး ပြုလုပ်သင့်ကြောင်း၊ ထို့ပြင် ကုန်းတက်စက်ဘီးစီးခြင်း၊ ပုံမှန်အရှိန်နှုန်းဖြင့် ပြေးခြင်းကဲ့သို့ ချွေးထွက်ပိုများသည့် လေ့ကျင့်ခန်းများကိုလည်း ရက်သတ္တတစ်ပတ်လျှင် ၇၅ မိနစ်နှင့် မိနစ် ၁၀၀ ပြုလုပ်သင့်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားပါသည်။

**ညနေပိုင်း လေ့ကျင့်ခန်းပြုလုပ်မှုက ကိုယ်အလေးချိန် ထိရောက်စွာလျှော့ချနိုင်**

ကိုယ်အလေးချိန် လျှော့ချရေးအတွက် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်မည်ဆိုပါက ညနေပိုင်းပြုလုပ်မှုသည် နံနက်ပိုင်း ပြုလုပ်ခြင်းထက် ပိုမိုထိရောက်မှုရှိကြောင်း နယ်သာလန်နိုင်ငံ လိုင်ဒန်းတက္ကသိုလ်မှ သုတေသီများက အကြံပြုထားကြသည်။ လေ့လာတွေ့ရှိချက်အရ နေ့လယ်ပိုင်းနှင့် ညနေပိုင်းကာလ နှစ်ရပ်ကြား ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှုသည် လူ့ခန္ဓာကိုယ်၏ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်းအားနည်းပါးလာမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။ အင်ဆူလင်ဟော်မုန်း တုံ့ပြန်အားကျဆင်းမှုသည် ကိုယ်အလေးချိန်မြင့်တက်လာရမှု၏ အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။

အဆိုပါ သုတေသီများသည် အသက် (၄၅) နှစ်နှင့် (၆၅) နှစ်ကြား လူပေါင်း ၇၀၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံနှင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှုပုံစံတို့ကို လေ့လာခဲ့ကြရာ ရလဒ်များအရ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့၌ ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်သူများ၏ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်း ကျဆင်းမှုနှုန်းမှာ နံနက်ပိုင်း ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်သူများထက် ၁၈ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီးပိုမိုနည်းပါးကြောင်း တွေ့ရသည်။ ကိုယ်ကာယလေ့ကျင့်ခန်းများကို အသင့်လျော်ဆုံး အချိန်များတွင် ပြုလုပ်ခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချနိုင်သကဲ့သို့ အမျိုးအစား-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသီများက အတည်ပြုထားပါသည်။

**ကိုယ်လက်လှုပ်ရှားမှုက စိတ်ကျဝေဒနာဖြစ်နိုင်ခြေကို ကာကွယ်နိုင်**

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုကို စိတ်ကျဝေဒနာအတွက် ကုထုံးတစ်ရပ်အဖြစ် ဆေးပညာရှင်များက လက်ခံထားကြပြီးဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း အလုံအလောက်ပြုလုပ်ပေးပါက စိတ်ကျဝေဒနာဝင်နိုင်ခြေနှင့် စိုးရိမ်သောကဝင်နိုင်ခြေတို့ကို ကာကွယ်နိုင်ပါသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို လုံလုံလောက်လောက်ပြုလုပ်မှုသည် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ မြင့်မားသူများတွင်လည်းဝေဒနာလျော့ပါးသက်သာစေနိုင်ကြောင်း စကော့တလန်နိုင်ငံ ဂလပ်စဂိုတက္ကသိုလ်မှ သုတေသီများကဆိုပါသည်။

လူတိုင်းအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ၇၅ မိနစ် အချိန်ပေး၍ အားစိုက်ရသည့်လေ့ကျင့်ခန်းများပြုလုပ်ပါက စိုးရိမ်သောကဝင်ရောက်မှုဖြစ်စဉ် ၁၉ ရာခိုင်နှုန်းခန့်ကို ကာကွယ်နိုင်ကြောင်း၊ အလားတူ ခွန်အားစိုက်ရသည့် လေ့ကျင့်ခန်းများကို ရက်သတ္တတစ်ပတ်လျှင် နှစ်နာရီခွဲခန့်နှင့် ငါးနာရီကြားအအထိ အချိန်ပေးလုပ်ဆောင်ခဲ့ပါက စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝင်ရောက်နိုင်ခြေ ၁၃ ရာခိုင်နှုန်းကို ထပ်မံကာကွယ်ပေးနိုင်ကြောင်းတွေ့ရသည်။ စကော့တလန်သုတေသနပညာရှင်များသည် လူပေါင်း ၃၇၀၀၀ ကျော်တို့၏ စိတ်ကျန်းမာရေးအခြေအနေများနှင့် လေ့ကျင့်ခန်းပြုလုပ်မှုပုံစံတို့ကို လေ့လာပြီးနောက် ၎င်းတို့တွေ့ရှိချက်ကို ယခုလိုတင်ပြခဲ့ခြင်းဖြစ်ပါသည်။

**လှည့်လည်ပြေးလွှားရသော အားကစားနည်းများက ကလေးများ၏အရိုးကျန်းမာရေး ပိုမြှင့်တင်နိုင်**

ဘောလုံးနှင့် ဘတ်စကက်ဘောကဲ့သို့ အရပ်မျက်နှာပေါင်းစုံ လှည့်ပတ်ပြေးလွှားရသည့် အားကစားနည်းများသည် ဦးတည်ရာတစ်ခုတည်းရှိသော အပြေးလေ့ကျင့်မှုကဲ့သို့ အားကစားနည်းများထက် ပို၍ ကလေးများ၏ အရိုးကျန်းမာရေးကို အကျိုးပြုနိုင်ကြောင်း Health Daily News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မကြာသေးခင်က ရေးသားတင်ပြထားပါသည်။ အရပ်မျက်နှာပေါင်းစုံ လှည့်လည်ပြေးလွှားရသည့် အားကစားနည်းများကို လိုက်စားခြင်းဖြင့် ကလေးများ၏အရိုးကျန်းမာရေးကို ပို၍မြှင့်တင်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ အင်ဒီယာနာတက္ကသိုလ်မှ သုတေသီများကဆိုသည်။

အဆိုပါသုတေသီများသည် ကျောင်းအားကစားပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြဖူးသူ အမျိုးသမီးများ၏ အရိုးကျန်းမာရေးအဆင့်ကို လေ့လာတိုင်းတာခဲ့ကြသည်။ ရလဒ်များအရ ဘောလုံးနှင့်ဘတ်စကက်ဘောကဲ့သို့ အရပ်မျက်နှာပေါင်းစုံ လှုပ်ရှားပြေးလွှားရသည့် အားကစားနည်းများကို လိုက်စားခဲ့သူများ၏ အရိုးခိုင်မာမှုအဆင့်သည် ပြေးခြင်း၊ ရေကူးခြင်းကဲ့သို့ အရပ်မျက်နှာတစ်ခုတည်းရှိသော အားကစားနည်းများကို လိုက်စားခဲ့သူများထက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပို၍မြင့်မားကြောင်း သိရသည်။

**သက်ကြီးပိုင်း အမျိုးသမီးကျန်းမာစေရန် အိမ်အလုပ်လုပ်စေလို**

အိမ်မှုကိစ္စလုပ်ငန်းများကို ပုံမှန်လုပ်လေ့ရှိသည့် သက်ကြီးပိုင်းအမျိုးသမီးများသည် နားနားနေနေ နေတတ်ကြသော သက်တူရွယ်တူအမျိုးသမီးများထက် နှလုံးကျန်းမာရေး ပိုကောင်းနေတတ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ဆိုပါသည်။ သုတေသီများသည် သက်ကြီးပိုင်း အမျိုးသမီးဦးရေ ၅၅၀၀ ၏ ဘဝနေထိုင်မှုပုံစံများကို လေ့လာခဲ့ကြရာ ရလဒ်များအရ ပေါ့ပေါ့ပါးပါးအိမ်အလုပ်များကို တစ်ရက်လျှင် အနည်းဆုံး လေးနာရီအချိန်ပေးကာပြုလုပ်သည့် သက်ကြီးအမျိုးသမီးများသည် နားနားနေနေ နေသူများထက် နှလုံးရုတ်တရက်ဖောက်မှုကြောင့် သေဆုံးနိုင်ခြေ သို့မဟုတ် လေဖြတ်မှုကြောင့် သေဆုံးနိုင်ခြေ ၇၅ ရာခိုင်နှုန်းခန့် နည်းပါးကြောင်း သိရသည်။ စာမျက်နှာ ၁၉ သို့ ★

> အဆိုပါ သုတေသီများသည် အသက် (၄၅) နှစ်နှင့် (၆၅) နှစ်ကြား လူပေါင်း ၇၀၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံနှင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှုပုံစံတို့ကို လေ့လာခဲ့ကြရာ ရလဒ်များအရ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့၌ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သူများ၏ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်း ကျဆင်းမှုနှုန်းမှာ နံနက်ပိုင်း ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်သူများထက် ၁၈ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီးပိုမိုနည်းပါးကြောင်း တွေ့ရသည်။ ကိုယ်ကာယလေ့ကျင့်ခန်းများကို အသင့်လျော်ဆုံးအချိန်များတွင် ပြုလုပ်ခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချနိုင်သကဲ့သို့ အမျိုးအစား-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသီများက အတည်ပြုထား

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ခေါင်းနီကွင်း ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကျင်းပ



**ကျုံပျော် ဇန်နဝါရီ ၁၄**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မျက်နီကွင်းကျေးရွာအုပ်စုနှင့် လေးမျက်နှာမြို့နယ်သို့ ဆက်သွယ်သော ခေါင်းနီကွင်း ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တံတားသစ် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အကျိုးရှိလာမည် ဖြစ်ကြောင်း၊ နယ်မြေ တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မည်ဖြစ်သဖြင့် ပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တံတားသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တံတားကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါတံတားသည် ကျုံပျော်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့ကို ဆက်သွယ်ထားပြီး အရှည်ပေ ၃၀၀၊ အကျယ်ပေ ၂၀ ရှိကာ ခွင့်ပြုအလေးချိန် တန် ၂၀ အထိ ဖြတ်သန်းအသုံးပြုနိုင်ကြောင်း၊ တံတားတည်ဆောက်ခြင်းကြောင့် ကျုံပျော်မြို့နယ်မှ ကျေးရွာ ၁၉ ရွာရှိ အိမ်ခြေ ၂၈၅၀ ကျော်မှ ပြည်သူ ၁၀၀၀၀ ကျော်တို့၏ ပညာရေး၊ ကျန်းမာရေးကိစ္စများ၊ ဒေသထွက်ကုန် ပစ္စည်းများကို မြို့ကြီးများသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်သောကြောင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

ကျုံပျော်(ပြန်/ဆက်)

# ကရင်ပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများအား ဆန်၊ ဆီ၊ ပဲ ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယမန်နေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသနှင့် ဖာပွန်မြို့နယ် ကမမောင်းမြို့သို့ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာသူပြည်သူများအား ဆန်၊ ဆီ၊ ပဲ အစရှိသော စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ကရင်ပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာသူပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို မြိုင်ကြီးငူအေးလင်းသာယာကျောက်စာကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နေအိမ်၊ အလုပ်အကိုင်များကို စွန့်ခွာပြောင်းရွှေ့နေထိုင်ကြရသည့်အတွက် မိသားစုများစွာ အခက်အခဲဖြစ်ကြရမည်ကို စာနာနားလည်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များကို တတ်အားသရွေ့ ထောက်ပံ့ပေးသွားမည်ဖြစ်ရာ အေးချမ်းစွာဖြင့် မိမိတို့နေထိုင်ရာ ရပ်ရွာအသီးသီးသို့ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေရပ်စွန့်ခွာသူအိမ်ထောင်စု ၄၃၂ စု၊ လူဦးရေ ၂၀၈၉ ဦးတို့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော တန်ဖိုးငွေကျပ် ၂၅၈၂၃၅၀၀ တန်ဖိုးရှိဆန် ၅၂၂ အိတ်၊ ဆီ ၂၁၆ ပိဿာ၊ ပဲ ၄၃၂ ပိဿာတို့ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေရပ်စွန့်ခွာသူအိမ်ထောင်စုများက လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဖာပွန်/ကမမောင်းဒေသရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ရွှေမြတ်မျိုးကြွယ်(အုန်းတော) ပရိယတ္တိစာသင်တိုက် သီရိသုခမ္မာရုံ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာသူပြည်သူများအား အားပေးစကား ပြောကြားပြီး နေရပ်စွန့်ခွာသူအိမ်ထောင်စု ၇၁၈ စု၊ လူဦးရေ ၃၁၄၄ ဦးအတွက် ငွေကျပ် ၃၆၃၆၉၀၀ တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ငွေကျပ် ၄၃၆ သိန်းကျော်တန်ဖိုးရှိ ဆန် ၇၈၆ အိတ်၊ ဆီ ၃၅၉ ပိဿာ၊ ပဲ ၇၁၈ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

★ စာမျက်နှာ ၁၈ မှ

နှလုံးရောဂါသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးအများအပြားသေဆုံးရမှု၏ အဓိကနောက်ခံအကြောင်းတရားများထဲ၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ သက်ကြီးအမျိုးသမီးများ၏ နှလုံးကျန်းမာရေးကို လမ်းသွက်သွက်လျှောက်ခြင်းကဲ့သို့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ခြင်းဖြင့်လည်း ထိန်းထားနိုင်ကြောင်း၊ ထို့ပြင် ပေါ့ပေါ့ပါးပါးပြုလုပ်နိုင်သည့် အိမ်မှုကိစ္စများကို ပုံမှန်ပြုလုပ်ရုံမျှဖြင့် အမျိုးသမီးများ၏နှလုံးကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသီများက ပြောကြားထားပါသည်။

**ကိုယ်လက်လှုပ်ရှား ပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုဗစ်ကာကွယ်ဆေး၏ ထိရောက်မှုကို မြှင့်တင်နိုင်**

ကိုယ်ကာယလှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုဗစ်ရောဂါကာကွယ်ဆေးများ၏ထိရောက်မှုကို မြှင့်တင်နိုင်ဖွယ်ရှိကြောင်း တောင်အာဖရိကသုတေသီများက တွေ့ရှိထားပါသည်။ အဆိုပါသုတေသီများ၏တွေ့ရှိချက်အရ ကိုဗစ်ရောဂါကာကွယ်ဆေးများသည် ကိုယ်ကာယလေ့ကျင့်ခန်းများကို အနိမ့်ဆုံးအဆင့်ပြုလုပ်နေပြီး ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသူများတွင် ဆေးရုံတက်ရောက်ရနိုင်ခြေကို ၆၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။ ထို့နည်းတူ ကိုယ်ကာယလေ့ကျင့်ခန်းများကို အထိုက်အလျောက် ပုံမှန်ပြုလုပ်သူ၊ အမြင့်ဆုံးအဆင့်ပြုလုပ်သူများတွင် ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် ၎င်းရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေ ၇၂ ရာခိုင်နှုန်းနှင့် ၈၆ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်းတွေ့ရသည်။ အဆိုပါသုတေသီများသည် အသက် (၁၈) နှစ်နှင့်အထက် ကျန်းမာရေးဝန်ထမ်း ၂၀၀၀၀ ခန့်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို ယခုလိုတင်ပြခဲ့ကြခြင်းဖြစ်သည်။

တောင်အာဖရိက သုတေသီများသည် ရက်သတ္တတစ်ပတ်လျှင် မိနစ် ၆၀ ခန့် လေ့ကျင့်ခန်းလုပ်သူများကို ကိုယ်လက်လှုပ်ရှားမှု အနိမ့်ဆုံးလုပ်သူများအဖြစ်လည်းကောင်း၊ မိနစ် ၆၀ နှင့် ၁၄၉ မိနစ်ကြား လေ့ကျင့်ခန်းပြုလုပ်သူများကို အထိုက်အလျောက်လေ့ကျင့်ခန်း ပြုလုပ်သူများအဖြစ်လည်းကောင်း၊ မိနစ် ၁၅၀ အထိ လေ့ကျင့်ခန်း ပြုလုပ်သူများကို ကိုယ်လက်လှုပ်ရှားမှု အမြင့်ဆုံးပြုလုပ်သူများအဖြစ်လည်းကောင်း သတ်မှတ်ထားသည်။

အချုပ်အားဖြင့်ဆိုသော် အထိုင်လျှော့၍ မတ်တတ်ပိုရပ်ခြင်း၊ အိမ်မှုကိစ္စမှစ၍ လူမှုဘဝနိစ္စဓူဝလုပ်ဆောင်ချက်များကို လေ့ကျင့်ခန်း ဆန်ဆန် ခပ်သွက်သွက်လှုပ်ရှားပေးခြင်း၊ နွေ မိုး ဆောင်းရာသီပတ်လုံး အလေ့အကျင့်ကောင်းတစ်ခုကို မွေးမြူ၍ လမ်းပိုမိုလျှောက်ပေးခြင်း၊ ကိုယ်အလေးချိန် မြန်မြန်ကျစေရန်နှင့် ဆီးချိုကျစေရန်တို့အတွက် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းပြုလုပ်သည့်အခါ နံနက်ပိုင်းထက် ညနေပိုင်းအချိန်ကို ဦးစားပေးရွေးချယ်ခြင်း စသည်တို့ဖြင့် မြန်မာနိုင်ငံ လူ့သက်တမ်းကို ယခုထက်ပို၍ ဆွဲဆန့်ထားနိုင်ပါမည်။

သို့ပါ၍ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်းသည် ငွေကုန်ကြေးကျမှုမရှိသော သဘာဝဆေးတစ်ပါး ဖြစ်ပါကြောင်းနှင့် ၎င်းဆေးကို မိမိတို့ကိုယ်တိုင်ဖော်စပ်မှသာ ရရှိနိုင်မည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။


ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကလင်္ကာရသာမဏေကျော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်နှင့် မင်္ဂလာဒုံမြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်မြေတံခွန်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိအောင်တော်မှုကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တပ်ဦးဥတ္တရာရုံကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)




(၁)

"မိအေး ဟော့ကောင်မ မိအေး"

"လာပါပြီ မထိပ်ထား"

"နင့်ကို ငါ ဘာပြောထားလဲ။ နင်နားမပါဘူးလား။ သေချာမမှတ်ထားဘူးလား။ ပြောစမ်း မိအေး"

"ဟို ဟို မထိပ်ထား မိအေးဘာလုပ်လို့ "

"ကောင်မ နင့်ကိုပြောထားတယ်လေ။ ငါသောက်မယ့်ရေခွက်ကို တစ်နေ့တစ်မျိုးလဲထားရမယ်။ ရေကရားကအစ တစ်နေ့တစ်မျိုး ပြောင်းရမယ်ပြောထားတယ်လေ။ ခုကြည့်စမ်း မနေ့ကအတိုင်းပဲ ဒီဖန်ခွက်၊ ဒီရေကရား သွားလဲစမ်း။ နောက်တစ်ခါဆို နင်မလွယ်ဘူးမှတ်"

"ဟုတ် မထိပ်ထား မိအေး… မိအေး ပြန် ပြန်လဲပေးပါ့မယ်"

အကြောက်ကြောက် အလန့်လန့်နဲ့ လက်လေးတွေ တုန်နေရှာသည်။ မိအေးကိုကြည့်၍ ဘဝတူအလုပ်သမားများ စိတ်မကောင်းစွာကြည့်နေရုံမှ ဘာမှမတတ်နိုင်။ သူတို့ကိုယ်တိုင်လည်း ခိုကပ်နေသူတွေမို့ အလုပ်ရှင်စိတ်တိုင်းကျနေနေရသည်။

"အားလုံးသတိထားနေပါ။ ကိုယ့်တာဝန်ကို ကျေပွန်အောင်နေနော်။ ရှင်တို့ကို တန်ရာတန်ကြေးပေးထားတာ။ စိတ်တိုင်းမကျ၊ သဘောမတွေ့တာနဲ့ အထုပ်ဆွဲပြီး သည်အိမ်ကထွက်သွားရမယ်ဆိုတာ သဘောပေါက်"

အားလုံး မျက်နှာလေးတွေ အောက်ငုံ့ကာ နေနေကြသည်။ အစစအရာရာ ပြည့်စုံသူ၊ လက်ညှိုးညွှန်ရာ ရေဖြစ်နေသည့် မထိပ်ထား၏ အစေခံတွေ။ ဘာမှမပြောရဲသည့်ဘဝတွေဖြစ်သည်။

(၂)

မိအေး သည်အိမ်ကြီးကို ရောက်လာတာ သုံးနှစ်ရှိပြီ။ အသက်သုံးဆယ်အရွယ် မထိပ်ထားကလွဲ၍ မိသားစုမောင်နှမမရှိ။ အိမ်ဖော်အလုပ်သမားတွေသာ တွေ့ရသည်။ သူဌေးမ မထိပ်ထား၏ မိဘနဲ့ မောင်နှမတွေ မရှိဘူးလားမေးကြည့်တော့ . . .

"မိဘတွေက မရှိတော့ဘူး။ မောင်နှမသုံးယောက်ရှိတယ်။ အစကတော့ ရိုးရိုးလူလတ်တန်းစားပဲ။ အကျိုးပေးကောင်း၊ စီးပွားဖြစ်မြန်တော့ လေးငါးနှစ်အတွင်း ထားစရာမရှိအောင် ချမ်းသာသွားတာ။ အမျိုးတွေနဲ့လည်းမတည့်၊ အစေးမကပ်ဘူး။ ငွေဂုဏ်မောက်နေတော့ သူ့နားဘယ်သူမှ မနေကြတာ။ မထိပ်ထားကလည်း မာနကြီးသမားဆိုတော့ အခေါ်အပြောတောင်မလုပ်ကြတာ တော်တော်ကြာပြီ"

မထိပ်ထား မိဘတွေက မိအေးတို့ရွာကဖြစ်၍ အလုပ်သမားတွေကို မိဘတွေဇာတိက ခေါ်တာများသည်။ တစ်ခါက ရွာကလူကြီးတွေ ရွာတံတားဆောက်ဖို့ အလှူငွေလာကောက်ကြတုန်းက ပြောလိုက်သည့် မထိပ်ထားစကားကြားပြီး မိအေး အံ့သြထိတ်လန့်ခဲ့ရသည်။

"ဒါပဲ မိဘတွေမွေးရပ်မြေက အလုပ်သမားခေါ်လိုက်တာနဲ့ အလှူခံဖို့တန်းရောက်လာကြတာပဲ။

ကျွန်မ မြို့ပေါ်မှာ အားလုံးလှူပေးနေကျမို့ ကန်တော့ပါရဲ့နော်။ နောက်ခါလည်း မလှူမှာမို့ မလာကြပါနဲ့တော့။ ကျွန်မ လက်ခံစကားပြောဖို့ အချိန်မရှိဘူး"

ရွာက လူကြီးတွေ မျက်နှာမကောင်းစွာနှင့် ပြန်သွားကြသည်။ နောက်ပိုင်း အလှူခံဖို့မလာတော့တာ ခုချိန်ထိပင်။ မိအေးလည်း သည်အိမ်ကြီးမှာနေတာ ကြာလာသည်နှင့်အမျှ မထိပ်ထား၏ မောက်မာမှု၊ အတ္တကြီးမှုတွေကို ပိုပြီး သိလာသည်။

"ဒေါ်ရွှေ ရှင်ငွေကြိုထုတ်တာ များနေပြီနော်။ မကျေသေးခင် ထွက်ဖို့ မစဉ်းစားနဲ့နော်။ ကျွန်မ ကျိန်စာတိုက်မှာ။ အလကားလိုချင်မနေနဲ့။ တန်ရာတန်ကြေးဆိုတာရှိတယ်။ နောက်ပြီး ခြံစောင့်ဦးလွန်းကို ထုတ်လိုက်တော့ အသက်ကြီးပြီ ပေးရတဲ့ငွေနဲ့မတန်ဘူး။ လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်ရှာထား"

ငွေဂုဏ်နှင့် သွေးနားထင်ရောက်နေမှုသည် တစ်နေ့တခြားဆိုးရွားလာခဲ့၍ အလုပ်သမားတွေလည်း ထွက်ကုန်ကြသည်။ မိအေးတစ်ယောက်သာ အပြောအဆိုခံကာ နှစ်ကြာရှည်ကျန်နေခဲ့သည်။ သည်အလုပ်က ထွက်လိုက်လျှင် ရွာကအမေနဲ့ မောင်နှမတွေ ဒုက္ခရောက်မှာစိုး၍ အောင့်အည်းပြီးနေခဲ့တာဖြစ်သည်။ ပြောဆိုနေတာတွေလည်း အရေထူနေပြီမို့ နာရကောင်းမှန်းမသိ။ အနေကြာလာတော့လည်း မထိပ်ထားအပေါ် အစ်မကြီး တစ်ယောက်လို သံယောဇဉ်ဖြစ်လာခဲ့သည်။

(၃)

"မိအေး နင် ငါ့ကို စိတ်မဆိုးဘူးလား။ ဒီလောက်ပြောဆိုပြီး အပေါက်ဆိုးတဲ့ အလုပ်ရှင်ကို"

"မထိပ်ထားရယ် တကယ်တော့ မထိပ်ထားက မိအေးရဲ့ကျေးဇူးရှင်ပါ။ အစကတော့ ကြောက်လန့်ခဲ့တယ်။ စိတ်ဆိုးခဲ့ပေမယ့် ကြာလာတော့ ရိုးသွားတာလေ။ ဆူတာဆဲတာ မခံရရင်တောင် တစ်ခုခုလိုနေသလိုပဲ။ နေတာကြာလာတော့လေ"

မထိပ်ထားတစ်ယောက် မိအေးကို အပြုံးလေးနဲ့ကြည့်နေတာ မိအေး အနေခက်မိသည်။ ဒီမှာနေလာတာ ဆယ်နှစ်ကျော်ပေမယ့် အရေးတယူစကားပြောမခံရဖူးတာမို့လည်း စိတ်ထဲထူးဆန်းနေမိသည်။

"မိအေး ငါတို့မိဘတွေရွာက သာယာလားဟင်"

"ရှင် မထိပ်ထား"

"ဩော် ငါ့မိဘမွေးရပ်မြေ။ နင်နေတဲ့ ရွာလေးက သာယာလားလို့ မေးနေတာ"

"သိပ်သာယာတာပေါ့ မထိပ်ထားရယ်။ လယ်ကွင်းစိမ်းစိမ်းတွေရယ်၊ ထန်းတောကြီးတွေရယ်၊ ရွာဦးကျောင်းရယ်၊ ရွာတောင်ပိုင်းက ရေကန်ကြီးက တော်သလင်းလဆို ကြာပန်းတွေနဲ့ပြည့်ပြီး အလွန်လှနေပြီလေ။ ရွာနံဘေးက ချောင်းစပ်ကိုလည်း အရမ်းသတိရတယ် မထိပ်ထားရယ်။ ရွာဦးစေတီဘုရားပွဲကလည်း နှစ်စဉ်တပေါင်းလဆန်းဆို ကျင်းပတာလေ။ မိအေးမရောက်တာ ကြာပါပြီ"

"ငါ ငါ ရောက်ဖူးချင်တယ် မိအေး"

မထိပ်ထားစကားကြောင့် မိအေး အံ့သြသွားသည်။

"ဘယ်လို မထိပ်ထားရွာကို ရောက်ဖူးချင်တယ်ဟုတ်လား"

"ဟုတ်တယ် မိအေး ငါအမြန်ဆုံးသွားချင်တယ်"

"ဟုတ် မထိပ်ထား မိအေးစီစဉ်လိုက်မယ်"

အံ့သြဝမ်းသာမှုနှင့်အတူ မိအေး ပျော်နေမိသည်။ မရောက်တာကြာပြီဖြစ်သည့်ရွာကို သွားရတော့မည်မို့ စိတ်ထဲကြည်နူးမှုက ဖော်မပြနိုင်ပေ။ မထိပ်ထားပါ လိုက်မည်ပြော၍ ပို၍အံ့သြနေမိသည်။

(၄)

ရွာကို ရုတ်တရက်ရောက်လာရ၍ မိအေး အပျော်ကြီးပျော်နေမိသည်။ မထိပ်ထားကတော့ မြို့ကရှေ့နေပါခေါ်လာ၍ ရွာဦးကျောင်းမှာ သိမ်အသစ်ဆောက်ဖို့၊ ရွာဦးစေတီ ပြန်လည်မွမ်းမံဖို့အတွက် ရွာလူကြီးတွေနှင့် ဆွေးနွေးတိုင်ပင်နေ၍ မိအေးပင် မယုံနိုင်အောင်ဖြစ်မိသည်။

နောက်ပြီး ရွာတောင်ပိုင်းမှာ မြေဝယ်၍ အမြန်အိမ်ဆောက်ခိုင်းသည်။ အိမ်မပြီးခင် မိအေးအိမ်မှာနေသည်။ ရွာမှာလိုအပ်သမျှကိုလည်း ငွေကြေးအကူအညီပေးသည်။ မထိပ်ထားလုပ်သမျှကို ဒီအတိုင်းသာ ငေးကြည့်နေရသည်။ အစကတည်းက ဘာကိစ္စဖြစ်ဖြစ် ဝင်ပြောတာမကြိုက်၍ ဘာမှမပြောရဲပေ။ ခုတလော မထိပ်ထား၏ မျက်နှာလေး သိသိသာသာ ကြည်လင်လာတာတွေ့ရသည်။ အရင်လို ဒေါသ၊ မောဟ၊ မာန်မာနတွေ မတွေ့ရတော့၍ အရင်က မထိပ်ထားနှင့်တခြားစီပင်။

ညနေပိုင်း မထိပ်ထားနှင့် ရွာထိပ်ကို လမ်းလျှောက်သွားရင်း ရွာထိပ်ရေအိုးစင်လေးကို ထူးဆန်းစွာကြည့်နေသည်။

"မထိပ်ထား ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဟုတ်ပါဘူး။ ရေအိုးစင်လေးမှာ ညနေလယ်ထဲက ပြန်လာသူတွေ၊ နွားကျောင်းသားတွေ၊ တောထဲ ထင်းခွေပြန်လာသူတွေ သည်ရေအိုးစင်လေးနားရောက်ရင် ခေတ္တအမောဖြေကြမှာနော် ကြည်နူးစရာလေးမို့ တွေးနေတာလေ"

"ဒီရေအိုးစင်လေးက မိအေးအဖေဆုံးသွားတော့ အဖေ့ကိုရည်စူးပြီးလှူထားတာလေ။ နေ့တိုင်း မနက်၊ ည ရေဖြည့်လှူဒါန်းကုသိုလ်ယူတယ်။ မထိပ်ထားဆီ မလာခင်အထိပေါ့။ မိအေးမရှိတော့ ညီမလေးနဲ့မောင်လေးက လက်ဆင့်ကမ်းတာဝန်ယူတယ်လေ။ မိအေးတို့လို မပြည့်စုံသူကတော့ ရတဲ့ကုသိုလ်လေးယူရတာပေါ့လေ"

"ဩော် ကောင်းလိုက်တာ"

မထိပ်ထား၏ အပြောလေးမှာ ငိုသံလေးပါသွားတာ သတိထားမိသည်။ မိအေးကိုယ်တိုင် နားလည်ရခက်နေတာမို့ မထိပ်ထားခေါ်ရာနောက်သို့လိုက်လာခဲ့သည်။ အရိပ်ကောင်းသော အပင်ကြီးအောက်နားမှာ ခဏနားကြသည်။ ရင်ဘတ်လေးဖိပြီး မောနေတဲ့ မထိပ်ထားကို မိအေးစိတ်မကောင်းစွာကြည့်မိသည်။

(၅)

အလုပ်ကမောမောနှင့် ပြန်လာကြသည့် လူတွေများ၍ ရေအိုးစင်လေးနားလူတွေပြည့်နေသည်။ တစ်ယောက်ပြီး တစ်ယောက် သောက်နေကြ၍ ရေခွက်လေးတွေက အားလုံး၏ လက်ပေါ်မှာ မနားရသေးချေ။ လက်ပေတွေနှင့် ကိုင်ထားကြ၍ ခွက်ကလေးက မဲညစ်နေသည်။ ဒါပေမယ့် အားလုံးအပြုံးမပျက်ဘဲ ရေကို အငမ်းမရသောက်နေကြသည်။ အသက်ကြီးသူများက ရေကုသိုလ်ရှင်ကို သာဓုခေါ် ဆုတောင်းပေးနေ၍ မြင်နေတဲ့ မထိပ်ထားပင် ကြည်နူးစွာပြုံးနေတာ တွေ့ရသည်။

"မိအေး ငါတော်တော် ရယ်စရာကောင်းတယ်နော်။

ငွေဂုဏ်တွေမောက်၊ မာနတွေကြီးပြီး မောင်နှမတွေတောင် မခေါ်မပြောနေခဲ့တယ်။ သောက်မယ့်ရေတောင် သန့်ရှင်းမှ၊ ခွက်တောင် တစ်နေ့တစ်မျိုး ပြောင်းပြီးသောက်ခဲ့သူက ဟားဟား အသဲကင်ဆာဖြစ်လို့ ခြောက်လပဲနေရတော့မယ့်သူတဲ့။ ဟိုမှာကြည့်ဦး ဘယ်လောက်ပျော်စရာကောင်းလည်း လောဘ၊ ဒေါသ၊ မောဟကင်းပြီး ရေခွက်လေးတွေ လုသောက်နေတဲ့သူတွေ အရွယ်စုံ ကျန်းမာလိုက်တာနော်။ တကယ်က စိတ်ကပျော်နေရင် ကိုယ်ပါကျန်းမာတာ။ ခု ငါ့မှာ သုံးမကုန်အောင် စည်းစိမ်ရှိပါရက်နဲ့ ငါ့အသက်ကို မကယ်နိုင်ဘူးတဲ့။ သိန်းပေါင်းများစွာ သုံးမယ်ဆိုတောင် အာမမခံနိုင်ဘူးတဲ့ မိအေး"

အားတင်းပြီး ပြောနေပေမယ့် မျက်ရည်တွေ ကျဆင်းနေသော မထိပ်ထားကိုကြည့်၍ မိအေးထပ်တူ ကြေကွဲရသည်။ မထိပ်ထား ခံစားနေရသည့်ရောဂါဆိုးကြီးကို မိအေးလည်း ခုမှသိရခြင်းဖြစ်သည်။

"မထိပ်ထားရယ် ဖြစ်မှဖြစ်ရလေ"

မိအေးတစ်ယောက် သူ့အလုပ်ရှင်ကို ကြည့်၍ မျက်ရည်တွေကျဆင်းလာတော့သည်။ ဒီလောက် နုဖတ်ချောမောနေသည့်မထိပ်ထားက ကင်ဆာဖြစ်နေသည်။ ဆေးကောင်းဝါးကောင်းတွေ သုံးနိုင်လို့ အသည်းအသန် မခံစားရတာဖြစ်နိုင်သည်။

လွန်ခဲ့တဲ့ လတွေကစ၍ မထိပ်ထားကို ဆေးတွေတိုက်ရသည်။ သာမာန်အားဆေးလို့ပဲထင်ခဲ့တာ ခုတော့ ခုတော့။

"ဒါပေမယ့် ကျေနပ်တယ် မိအေး မမလုပ်သင့်တာလုပ်ခဲ့ပြီးပြီလေ။ ငွေအားကူနိုင်ပေမယ့် လုပ်အားလေး မသေခင်ကုသိုလ်ယူသွားချင်လို့ လုပ်နိုင်တဲ့အထိ သည်ရေအိုးစင်လေးမှာ ရေကုသိုလ်လုပ်ချင်တယ်။ ရေလည်း တတ်နိုင်သလောက်ဆွဲထည့်မယ်။ ရေအိုး၊ ရေခွက်လေးတွေ မိအေးနဲ့အတူတူ သန့်ရှင်းရေးလုပ် ကုသိုလ်ယူကြမယ်လေနော်။ မကောင်းဘူးလား။ အကောင်းစားဆေးတွေသောက်နေရလို့ ခံစားရတဲ့ဝေဒနာက သက်သာပေမယ့် သည်ဝေဒနာရဲ့ အဆုံးသတ်လေးကိုတော့ တတ်နိုင်သလောက် လုပ်အားကုသိုလ်လေးနဲ့ ဘဝကူးကောင်းချင်တယ်ကွယ်"

တည်တည်ငြိမ်ငြိမ်လေးနှင့် ပြောလိုက်သည့် မထိပ်ထား စကားတွေကြောင့် မိအေး၏ရင်ထဲ အမည်မသိသည့် ခံစားချက်နှင့်အတူ ရင်ဘတ်တစ်ခုလုံး လှုပ်ခါသွားသည်။ စိတ်ထဲမှာလည်း ကြည်နူးသွားမိသည်။

"မထိပ်ထားရယ်"

မိအေးရင်ထဲ လှိုက်လှိုက်လှဲလှဲ သာဓုခေါ်လိုက်မိသည်။ မထိပ်ထား၏ ခံစားရသည့် ဝေဒနာအဆုံးသတ်က စိတ်ကူးကောင်းသလို သံသရာအတွက် မှန်မြတ်သည့် ကုသိုလ်ထူးအလုပ်မို့ စိတ်ထဲကြည်နူးစွာ လေးစားမိပါတော့သည်။

## အလုပ်ဟူသမျှ ဂုဏ်ရှိစွ

လောကမှာ သူငါအများ
ကြိုးစားကြ လုပ်ငန်းခွင်။
နိုင်ရာဝန် ကိုယ်စီထမ်း
လျှောက်လှမ်းအစဉ်။
ပျင်းရိခြင်း ဖယ်ရှောင်ကြဉ်
လူ့ဘဝတွင် အောင်မြင်ရေး။
အချိန်ကို တန်ဖိုးထားလို့
နိုးကြားစေလေး ။

အချောင်ခို စိတ်မမွေးဘဲ
တက်ကြွမနေး အစဉ်ပေ။
အလုပ်ခွင်မှာ နောက်မကျ
တောက်ပဂုဏ်ဝေ။
ဇွဲလုံ့လ စိုက်ထူလေ
အားမာန်တွေ မွေးမြူရင်း။
အခက်ခဲတွေ ရင်ဆိုင်သွားလို့
ကျော်လွှားစေမင်း။

ကိုယ့်တာဝန် မလစ်ဟင်း
အပြစ်ကင်း လုပ်ဆောင်ပါ။
အလုပ်တွေ ဟူသမျှ
ဂုဏ်ရှိလှတာ။
အလုပ်လုပ်ကြ မင်းသူငါ
အပျင်းမထူရာ အစဉ်အမြဲ။
ဘဝမှာ တန်ခိုးထက်လို့
တိုးတက်မည်မလွဲ။ ။

ရဲသွေးနီ (တက်ဝန်)

## မေတ္တာထားလို့ ကူညီစို့

ကူညီတတ်တဲ့ စိတ်ဓာတ်ဟာ
မွန်မြတ်လှပတာ။
ကိုယ်ချင်းစာနာ ဖေးကူမ
ကိုယ်လည်းကုသိုလ်ရ။
ဒုက္ခရောက်သူ တွေ့မြင်လျှင်
ကူညီပေးဖို့ပြင်။
ရင်ဝယ်မေတ္တာ အစဉ်ထား
ဘုရားဟောတရား။
လောကကြီးအား အေးချမ်းစေ
မေတ္တာများပေးဝေ။
ရိုင်းပင်းကြလေ လူလူချင်း
မေတ္တာလမ်းတွေခင်း။
ချမ်းသာဆင်းရဲ မခွဲရာ
လူချင်းအတူပါ။
အတ္တ၊ မာန ကင်းစင်ဝေး
ကူညီတတ်စိတ်မွေး။ ။

ထက်သခင်(သုံးဆယ်)

ဆောင်းပါး

# မိတ်ဆွေကောင်းကို တန်ဖိုးထားပါ

**မောင်ကြည်လင် (ရွှေကြိုးကြာ)**

"မိတ်ဆွေ" ဟူသော စကားသည် ကျွန်တော်တို့ လူသားများအတွက် အလွန်အရေးပါသည်။ ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်တည်း ရပ်တည်နေထိုင်၍ မရနိုင်ကြပါ။ ထို့ကြောင့် နေရာ၊ ပတ်ဝန်းကျင်၊ အလုပ်အကိုင် စသည်တို့တွင် မိတ်ဆွေသည် လိုအပ်ကြပါသည်။ ထို့အပြင် ကျွန်တော်တို့အားလုံး မိတ်ဆွေကောင်းကို တန်ဖိုးထားကြရန် အထူးလိုအပ်ပါသည်။

မိတ်ဆွေကောင်းဟူသည်မှာ ဘဝ၏ အဖော်မွန် ကောင်းပင်ဖြစ်ပါသည်။ မိတ်ဆွေကောင်းသည် ဘဝ၏ လမ်းမှန်သို့ရောက်အောင် လက်တွဲပို့ဆောင်နိုင်ပါသည်။ မိတ်ဆွေကောင်းရှိခြင်းကြောင့် အောင်မြင်တိုးတက်နိုင်ပါသည်။ မိတ်ဆွေကောင်းရရန် မိမိတို့ကိုယ်တိုင် စိတ်ကောင်း စေတနာကောင်းရှိရန်လည်း လိုအပ်ပါသည်။ သူတစ်ပါးကို ကူညီကြရမည်။ အနစ်နာခံကြရသည်။ အနစ်နာခံနိုင်မှုရှိကြရပါမည်။ မိတ်ဆွေကောင်းဟူသည်မှာ ဒုက္ခရောက်ချိန်တွင် ကူညီကြသူများသည် မိတ်ဆွေကောင်းပင်ဖြစ်ပါသည်။ လောကနီတိကျမ်းတွင် "မိမိနှင့်မရင်းနှီးသော်လည်း ကူညီသူ၊ အကျိုးပြုသူသည် မိတ်ဆွေကောင်းဖြစ်သည်"ဟု ဆိုထားပါသည်။

မိတ်ဆွေကောင်းနှင့် ပတ်သက်၍

(၁) ဥပကာရ – ကျေးဇူးသိတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေ။
(၂) သမာနသုခဒုက္ခ – ချမ်းသာအတူ၊ ဆင်းရဲအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့်မိတ်ဆွေ။
(၃) အတ္တက္ခာယိ – အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့်မိတ်ဆွေ။
(၄) အနုကမ္ပက – အကျိုးစီးပွားကိုစောင့်ရှောက်တတ်သည့် နှလုံးကောင်းရှိသည့် မိတ်ဆွေဟူ၍ မိတ်ဆွေကောင်းလေးမျိုး ရှိပါသည်။

မိတ်ဆွေကောင်းများကို ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင် ကာသလတိုင်း နဂရက နိဂုံး၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာက "မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းခွင့်ရလျှင် မဂ်ဖိုလ်ရကြောင်း၊ ကောင်းမြတ်သောအကျင့်ကို တစ်ဝက်ပြီးမြောက်နိုင်ကြောင်း" ဘုရားရှင်ကို လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က အရှင်အာနန္ဒာ လျှောက်ထားချက်ကို ပယ်၍ "မိတ်ဆွေကောင်းနှင့် ပေါင်းဖက်ခွင့်ရခြင်းသည် မဂ်ဖိုလ်ရကြောင်း၊ ကောင်းမြတ်သော အကျင့်ကို အပြည့်အစုံပြီးမြောက်နိုင်ကြောင်း" မိန့်တော်မူခဲ့သည်။ ထို့အပြင် အာနန္ဒသုတ်၌ မိတ်ဆွေကောင်းရှိလျှင် သာသနာတော်ကြီးပွားတိုးတက်နိုင်ကြောင်း အရှင်အာနန္ဒာကိုပင် မိန့်တော်မူခဲ့ပါသည်။

နေ့စဉ်ဘဝတွင် တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်း၊ ချစ်ခင်ကြင်နာတတ်ခြင်း၊ ကရုဏာထားတတ်ခြင်း၊ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ကြခြင်းကြောင့် မိတ်ဆွေကောင်းရရှိနိုင်ပါသည်။ ငြိမ်းချမ်းမှုကို ဦးတည်ရာတွင် မိတ်ဆွေကောင်းစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးပါသည်။ မိတ်ဆွေကောင်းစိတ်ဓာတ်ရှိသူများသည် အပြန်အလှန် လေးစားတတ်ကြသည်။ အကျိုးလိုလားကြသည်။ အကောင်းမြင်စိတ်ရှိကြသည်။ ရိုးသားစွာ ချစ်ခင်တတ်ကြသည်။ ထိုစိတ်ထားများသည် လူသားအချင်းချင်း အပြန်အလှန်ဆက်ဆံခြင်းမှ ပေါက်ဖွားလာကြခြင်းသာဖြစ်ပါသည်။

**❝ လူ့ပတ်ဝန်းကျင်တွင် တစ်ပါးသူ၏ဥစ္စာကို ယူလိုသော်လည်း မိမိက ပေးကမ်းရန် နှမြောသူများရှိပါသည်။ ထိုသူများသည်လည်း မိတ်ဆွေကောင်း မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် မိမိဘဝကို ပျက်စီးစေမည့် မိတ်ဆွေမျိုးကို ရှောင်ရှားရပါမည် ❞**

အဇာတသတ်သည် မကောင်းသည့်မိတ်ဆွေ ဒေဝဒတ်နှင့် ပေါင်းဖက်မိခဲ့သည်။ ထို့ကြောင့် အဖသတ်သားအဖြစ် မှတ်တမ်းတင်ခဲ့သည်။ သို့သော် ဇီဝကသည် အဇာတသတ်၏အဖြစ်ကို သနားခြင်း၊ ကြင်နာခြင်း၊ ပြည့်ဝစွာဖြင့် မိတ်ဆွေကောင်းပီသစွာ ဒေဝဒတ်ကို ဗုဒ္ဓဘုရားရှင်၏ ရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးခဲ့ပါသည်။ ဤသည်မှာ ဇီဝက၏ မိတ်ဆွေကောင်းပီသသော အတုယူဖွယ် စိတ်ဓာတ်ပင်ဖြစ်ပါသည်။

မိတ်ဆွေကောင်းနှင့်မိတ်ဆွေတုကို ခွဲခြားရန် အလွန်ခက်ပါသည်။ တချို့သောသူများသည် နှုတ်ချိုကြသည်။ သူတစ်ပါး၏ အကြိုက်ကိုလိုက်၍ မြှောက်ပင့်ပြောဆိုတတ်ကြသည်။ အကျိုးလိုဟန်ဖြင့် အပြစ်ပြောဆိုတတ်ကြသည်။ ထို့အပြင် အတွင်းစိတ်သည် မဖြောင့်မတ်။ မနာလိုဝန်တိုစိတ်ရှိတတ်ကြသည်။ ဝန်တိုစိတ်များသူကို အပေါင်းအသင်းများက ဖယ်ခွာသွားတတ်ကြပါသည်။

ကျွန်တော်ဖတ်ဖူးသည့် ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါသည်။ တစ်ချိန်က သူငယ်ချင်းနှစ်ယောက် သစ်တောထဲမှာ အတူလျှောက်လာကြပါသည်။ တစ်နေရာသို့အရောက်တွင် ဝက်ဝံကြီးတစ်ကောင်သည် လက်သည်းကိုထုတ်ကာ အသံအကျယ်ကြီးအော်ပြီး သူငယ်ချင်းနှစ်ယောက်ထံ ပြေးလာပါသည်။ အလွန်ကြောက်စရာကောင်းသောကြောင့် ကောင်လေးတစ်ယောက်သည် ထွက်ပြေးကာ အနီးရှိသစ်ပင်ပေါ်သို့တက်ပြေးပါသည်။ ထို့နောက် သစ်ကိုင်းတွေကြားတွင် ပုန်းနေလိုက်ပါသည်။ ကျန်ခဲ့သောတစ်ယောက်မှာ ဘာလုပ်ရမှန်းမသိဘဲ အကြောက်လွန်နေလျက်ရှိပါသည်။ ထိုအခါ ဝက်ဝံရန်က မလွတ်နိုင်မှန်းသိ၍ လမ်းပေါ်တွင် လှဲကာ သေချင်ယောင်ဆောင်လိုက်ပါတော့သည်။

ဝက်ဝံသည် အံ့သြစွာဖြင့် ကောင်လေးကို အနံ့ခံကြည့်သည်။ မျက်နှာ၊ နား၊ နှာခေါင်း၊ ရင်ဘတ်အားလုံးကို နမ်းကြည့်ပြန်သည်။ အချိန်ကြာကြာ အနံ့ခံကြည့်ပြီး ကောင်လေးသေနေ၍ သူ့အတွက် အန္တရာယ်မဖြစ်နိုင်ကြောင်း သေချာသောအခါ ကောင်လေးအနားမှ ထွက်ခွာသွားပါတော့သည်။ ထိုအခါ ပုန်းနေသောကောင်လေးသည် သစ်ပင်ပေါ်က ဆင်းလာ၍ "ဟိတ်ကောင် ဝက်ဝံကြီးက မင်းကို ဘာပြောသွားသလဲ"ဟု မေးသောအခါ "အန္တရာယ်ကျရောက်တဲ့အချိန်မှာ သူငယ်ချင်းကိုချန်ပြီး ထွက်ပြေးတဲ့သူဟာ မိတ်ဆွေကောင်းမဟုတ်ဘူး"လို့ ဝက်ဝံက ပြောသွားကြောင်း ပြန်ဖြေလိုက်ပါသည်။

ပုံပြင်လေးတွင် မိမိအသက်ရှင်ရေးအတွက် သူငယ်ချင်း၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ တစ်ကိုယ်ကောင်းဆန်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ကောင်းဆန်သူသည် မိတ်ဆွေကောင်း မဖြစ်နိုင်ပါ။ လူ့ပတ်ဝန်းကျင်တွင် တစ်ပါးသူ၏ဥစ္စာကို ယူလိုသော်လည်း မိမိက ပေးကမ်းရန် နှမြောသူများရှိပါသည်။ ထိုသူများသည်လည်း မိတ်ဆွေကောင်းမဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် မိမိဘဝကို ပျက်စီးစေမည့် မိတ်ဆွေမျိုးကို ရှောင်ရှားရပါမည်။

မိတ်ဆွေကောင်းသည် အဖိုးထိုက်ရတနာပင်ဖြစ်၏။ လူ့ဘဝတွင် နေရာတိုင်း၌ မိတ်ဆွေကောင်းရှိရန် အထူးလိုအပ်ပါသည်။ မိတ်ဆွေကောင်းရရန် မိမိကိုယ်တိုင် "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"ဟူသည့် မိတ်ဆွေကျင့်ဝတ်များကို လိုက်နာလျက် မိမိမိတ်ဆွေများကို တန်ဖိုးထား ချစ်မြတ်နိုးကြစေရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## စာပေဖတ်ကာ အလှဆင်ပါ

❖ စာပေဖတ်ကာ အလှဆင်
ကိုယ့်ရုပ်ကိုယ့်ဝန်းကျင်၊
ကောင်းဆိုးသိမြင် အမှန်မှား
ဝေဖန်ဉာဏ်ရှေ့သွား။

❖ အတ္တစိတ်ထား ရှောင်ကြဉ်လေ
ကြောင်းကျိုးသိပါစေ၊
ကောင်းသောစိတ်နေ ကျင့်ကြံရင်း
များကျိုးသယ်ပိုးခြင်း။

❖ ဆောင်ကြဉ်းစည်းကမ်း စနစ်ရယ်
ဉာဏ်နှောက်ဖွံ့ဖြိုးကြွယ်၊
စာပေဖတ်ကွယ် နေ့စဉ်တိုင်း
ပြောဆိုဘယ်မရိုင်း။

❖ ကိုယ်နှင့်ယှဉ်နှိုင်း ကရုဏာ
မွန်မြတ်စိတ်ထားကာ၊
မြတ်ပညာတွေ ရှိစေဖို့
စာဖတ်ကြပါစို့။ ။

ထက်အောင်လူ(နံ့သာမြေ)

## တို့တောရွာ ညနေခင်း

သာယာလှပ တို့တောရွာ
ရှုခင်းစုံလင်စွာ။
တောတန်းဘေးမှာ ချောင်းကလေး
စိမ့်စမ်းကြည်လင်အေး။

ပန်းမျိုးစုံသေး အလှကြွယ်
ပန်းချီကားသဖွယ်။
လေပြည်ညင်းရယ် ဆော့ကစား
ယိမ်းနွဲ့လို့လှုပ်ရှား။

တောင်ကြိုတောင်ကြား ငုပ်လျှိုးပြီ
နေဝန်းကြီးနီနီ။
လေနှင်ရာဆီ မျောကာလွင့်
တိမ်စိုင်အဆင့်ဆင့်။

ညနေစောင်းဖြင့် ငှက်မောင်နှံ
အိပ်တန်းတက်ဖို့ပျံ။
လိုက်ဖက်ညီဟန် သဘာဝ
နေဝင်ချိန်အလှ။ ။

မယ်မင်းခ(စေရာ)

# နေပြည်တော်ကောင်စီနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပါဝင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအစီအမံများ တွန်းအားပေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်နေ့လယ်ပိုင်းက ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။




အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုး၊ နေပြည်တော်ကောင်စီနယ်မြေခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက နေပြည်တော် ကောင်စီနယ်မြေကို စိမ်းလန်းသာယာသော Green City၊ Clean City၊ Smart City အဖြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် လယ်ယာကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် မိမိတို့ဝန်ကြီးဌာန၏ ပင်မလုပ်ငန်းတာဝန်များကိုအခြေခံ၍ ဦးစီးဌာနအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်နှင့် စီမံကိန်းများကို စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ နေပြည်တော်ကောင်စီမြို့နယ်ရှစ်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၂၃၀ ကျော် တက်ရောက်ခဲ့ကြပြီး ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည့် နည်းပညာပြန့်ပွားရေးနှင့် အသိပညာပေးလုပ်ငန်းဆိုင်ရာများ၊ စိုက်ပျိုးရာသီအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် စီးပွားရေးတွက်ခြေကိုက်သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေးအတွက် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက် အချိတ်အဆက်မိမိဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖

# မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စတုတ္ထအကြိမ်ထုတ်ချေး

**မိုင်းဆတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျတီကျေးရွာအုပ်စု နောင်ဘိုကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ ဆက်လက်၍စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ် သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ဘိုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ အသင်းသား အသင်းသူ စုစုပေါင်း ၃၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ အား တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မှော်ဘီဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာမှ အဘိုး၊ အဘွား ၂၃ ဦးတို့အတွက် မြန်မာ–တရုတ် ယဉ်ကျေးမှုအသင်းနှင့် ZIBO စီးပွားရေးနှင့် ကုန်သွယ်မှုအဖွဲ့တို့ပူးပေါင်း၍ တရုတ်နှစ်သစ်ကူးအကြို လှူဒါန်းမှုအဖြစ် တစ်နေ့တာအာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်ရန်တို့အတွက် ငွေကျပ် တစ်သိန်းစီနှင့် တစ်ယောက်အိပ် ဂွမ်းကပ်အခင်း ၂၃ ခု၊ စောင် ၂၃ ထည်၊ တဘက် ၂၃ ထည်နှင့် စားသောက်ဖွယ်ရာတို့ကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းရာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူတို့က လက်ခံရယူစဉ်။ ကြေးမုံ



# မူဆယ်-တရုတ်နယ်စပ် မန့်ဝိန်းဝင်ထွက်ဂိတ် ပြန်လည်ဖွင့်လှစ်

**မူဆယ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်–တရုတ်နယ်စပ် မန့်ဝိန်းဂိတ်ကို ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၁ ခုနှစ် မတ် ၃၀ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရာ ယနေ့တွင် ကိုဗစ်–၁၉ ကူးစက်ရောဂါဖြစ်ပွားမှုအား ထိန်းချုပ်လာနိုင်ပြီဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက် ၈ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မန့်ဝိန်းဂိတ်ပြန်လည်ဖွင့်လှစ်ရာတွင် လယ်ယာထွက်ကုန်၊ သစ်သီးဝလံ၊ ရေထွက်ကုန်ပစ္စည်းများနှင့် သတ္တုတွင်းထွက်များမှအပ ကျန်ပို့ကုန်ပစ္စည်းများကို တင်ပို့ခွင့်ပြုမည်ဖြစ်ပြီး ဒေသထွက် ကြံတင်ပို့သည့် ခြောက်ဘီး ကုန်တင်ယာဉ်များအား အာဆီယံစံချိန်စံညွှန်းအတိုင်း ယာဉ်နှင့်ကုန် စုစုပေါင်း ၁၆ တန်အထိသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ ယင်းသို့ တင်ပို့ရာတွင် မြန်မာနိုင်ငံ ပို့ကုန်နှင့်အတူ တရုတ်နိုင်ငံဘက်မှ သတ်မှတ်ထားသည့် ကိုဗစ် –၁၉ ရောဂါကင်းစင်ကြောင်း ၄၈ နာရီအတွင်း စစ်ဆေးချက် အထောက်အထားဖြင့် ယာဉ်မောင်းတစ်ဦးသာ သွားရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။



မန့်ဝိန်းဝင်ထွက်ဂိတ်မှ တင်ပို့/တင်သွင်းမည့် ယာဉ်များအနေဖြင့် အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးမှုခံယူပြီးမှသာ ဝင်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မြန်မာ–တရုတ်နယ်စပ် မန့်ဝိန်းဝင်ထွက်ဂိတ်ကို ပို့ကုန်သွင်းကုန်ယာဉ်များ ဝင်ထွက်ခွင့်များကို ယနေ့မှ စတင်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသေးသော နန်းတော်ဂိတ်နှင့်ဆင်ဖြူဂိတ်များကိုလည်း ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉– ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline – DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Helpline – DSW (၀၉–၈၈၉၉၁၁၁၄၄)
Helpline 1566
Helpline – DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး
အထူးအလေးထားကာကွယ်ပေးသွားပါမည်။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ တွံတေးမြို့နယ်တို့ရှိ ကျေးရွာချင်းဆက်မြေသားလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် တွံတေးမြို့နယ်အကြားရှိ ဆက်စပ်နေသော ခရမ်း၀၊ ရေတွင်းကုန်းနှင့် ကွင်းပေါက်ကျေးရွာများအထိ ဖောက်လုပ်ထားသော ကျေးရွာချင်းဆက် လမ်းအရှည် ၅ မိုင်ကျော် မြေသားလမ်းဟောင်းကြီးကို ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် သက်ဆိုင်ရာဌာနများက ပူးပေါင်းတည်ဆောက်လျက်ရှိရာ ယခုအခါ မြေသားပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီး၍ ကွန်ကရစ်များ စတင်ခင်းကျင်းနေပြီဖြစ်ကြောင်း သက်ဆိုင်ရာ ဌာနတာ၀န်ရှိသူထံမှ သိရသည်။



အဆိုပါ မူလမြေသားလမ်းဟောင်းကြီးသည် အချိန်ကြာမြင့်စွာ ပြုပြင်ထိန်းသိမ်းခဲ့ခြင်းမရှိသဖြင့် လမ်းတစ်ခုလုံး ချုံနွယ်များဖြင့် ထူထပ်ကာ ယာဉ်သွားလာမှုများလည်း ခက်ခဲလာသဖြင့် ကျေးရွာလူမှုစီးပွားဘ၀များကိုပင် အထိုက်အလျောက် ထိခိုက်လာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) နှင့် ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဌာန လမ်းဦးစီးဌာနတို့က အပိုင်းလိုက်ခွဲဝေပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း တာ၀န်ရှိသူထံမှ သိရသည်။

ထိုသို့တာ၀န်ယူဆောင်ရွက်ကြမည့်အပိုင်းများတွင် မြို့တော်စည်ပင်က ချောင်းဖြတ်တံတားတည်ဆောက်ခြင်းများ ပါရှိနေသဖြင့် မိုးရာသီတွင် ကုန်စည်ပို့ဆောင်နေသော မူလလမ်းဘေးရှိ ရေလမ်းကြောင်းကို မထိခိုက်စေရန် ချောင်းဖြတ်တံတားတစ်ခုကို ထပ်မံတည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါ တံတားတည်ဆောက်မှုလုပ်ငန်းသည် ယခုအချိန်တွင် မိုင်တိုင်များတည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရသည်။

ကျေးရွာချင်းဆက်အဆင့်မြှင့်ကွန်ကရစ်လမ်းအကျယ်သည် ၁၄ ပေနှင့် နှစ်ဖက်လမ်းပခုံးသားနှစ်ပေစီအပါအဝင် လမ်းအကျယ်သည် ၁၈ ပေရှိသဖြင့် ကွင်းပေါက်ကျေးရွာအနီး ရေချိုငါးကန်များမှ သားငါးကုန်စည်များ၊ ကောက်ပဲသီးနှံအမျိုးမျိုးအပြင် လှိုင်သာယာစက်မှုဇုန်တွင် သွားရောက်လုပ်ကိုင်နေသောပြည်သူများလည်း လူမှုစီးပွားဘ၀ ပွင့်လင်းမြင်သာစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ၎င်းအပြင် မိုးရာသီတွင် စက်လှေများဖြင့် ကုန်စည်ပို့ဆောင်နေသော မူလလမ်းတစ်လျှောက်ရှိ ရေလမ်းကြောင်းကိုလည်း ဆက်လက်အသုံးပြုနိုင်ရန်နှင့် ကျေးရွာသဘာ၀ပတ်ဝန်းကျင် မထိခိုက်စေရန်အတွက် အဆင့်မြှင့်ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**စောသိန်းဝင်း**



# မင်းဘူး-အမ်း-စစ်တွေလမ်းအား ငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော်ဖြင့် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ

**မင်းဘူး ဇန်နဝါရီ ၁၄**

မင်းဘူး-အမ်း-စစ်တွေလမ်းသည် မင်းဘူးမှ အမ်းအထိ ၁၀၃ မိုင် တစ်ဖာလုံရှိကာ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ဆက်သွယ်ထားသော လမ်းတစ်လမ်းဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် သွားလာမှုလွယ်ကူချောမွေ့စေရန် ငွေကျပ် ၁၄၀၅ ဒသမ ၆၃ သန်းဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူး(စကု)မြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

မင်းဘူး-အမ်း-စစ်တွေလမ်းကို ၁၉၈၁ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်က ကတ္တရာလမ်းအကျယ်မှာ ၁၂ ပေသာရှိသောကြောင့် ကားကြီးများ သွားလာရာတွင် ခရီးကြန့်ကြာမှုများ ရှိနေသဖြင့် လမ်းအကျယ်ချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းအား ၂၄ ပေ လမ်းအကျယ်ဖြင့် နှစ်မိုင်၊ ၁၈ ပေ လမ်းအကျယ်ဖြင့် ၂၇ မိုင် ပြီးစီးနေပြီး ကျန်ရှိနေသည့် လမ်းအကျယ်ချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းများအား ဘဏ္ဍာနှစ်အလိုက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးထွန်းမင်းဝင်းက ပြောသည်။

မင်းဘူး-အမ်း-စစ်တွေလမ်းအား လမ်းအကျယ်ချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်း စသော အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့စေပြီး လမ်းဘေး ဝဲ/ယာရှိ ကျေးရွာများတွင်လည်း လူမှုဘ၀ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ယာဉ်ကြောကြပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများလည်း လျော့နည်းစေမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# သာပေါင်းမြို့နယ်၌ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ ၈၁၂၁ ဦးအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ

**သာပေါင်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ ၁၂၂၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခဲ့သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဌာန မြို့နယ်အမျိုးသမီးရေးရာကော်မတီအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းပေါင်း ၂၄ ကျောင်းရှိ ဆေးထိုးစုရပ်များတွင် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အတွင်း အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁၂၁ ဦးတို့ကို ထပ်ဆောင်းကာကွယ်ဆေးထိုးနှံကြကြောင်း သိရသည်။

**သာပေါင်း (ပြန်/ဆက်)**

❖

# ပျဉ်းမနားမြို့၌ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ပညာသင်ကြားနေကြသော အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ဥယျာဉ်စု အခြေခံပညာမူလတန်းကျောင်း၌ ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာ၀န်ရှိသူများက သွားရောက်ထိုးနှံဆောင်ရွက်ပေးကြကြောင်း သိရသည်။



ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၄၉ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့်ကျွဲ၊ နွား သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊


(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်၊ ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။


**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မှော်ဘီမှတ်ကျောက်





စာရေးသူ ဝင်းနွယ်(ပုသိမ်)စီစဉ်ရေးသားသည့် မှော်ဘီမှတ်ကျောက်စာအုပ် ထွက်ရှိလာသည်။

မှော်ဘီဟုဆိုကြလျှင် လူအများသည် ပန်းတစ်ပွင့်တောင်ကို မေးလာကြသည်။ ပန်းတစ်ပွင့်တောင်မှာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် တည်ရှိသည်။ ရန်ကုန်မှလာမည်ဆိုလျှင် Y.B.S (၃၇) (ဥက္ကံ-တိုက်ကြီး)၊ Y.B.S (၉၀) နှင့် မီနီဘတ်စ် (၉၀)၊ (၉၁) ကားများနှင့် မှော်ဘီကားများကိုစီးလျှင် ရောက်သည်။ မှော်ဘီမှလာမည်ဆိုလျှင် ရန်ကုန်-ပြည်လမ်း၊ (၁၆)မှတ်တိုင်၊ လေထီးလမ်းဆုံတွင် ဆင်းရမည်။ ထိုမှတ်တိုင်နေရာနှင့် ပန်းတစ်ပွင့်တောင်သည် ၁၂ မိုင်ခန့်ကွာဝေးပြီး ဆိုင်ကယ်ကယ်ရီများဖြင့်သာစီးရသည်။ ဝါးနက်ချောင်းကျေးရွာကိုဖြတ်ပြီး ကျေးရွာအဆုံးနားတွင် ပစ်တိုင်းထောင်ရုပ်နှစ်ရုပ်နှင့် လမ်းဆုံမှသွားရသည်။ မိနစ် ၃၀ ခန့်သွားပြီးလျှင် တောင်ခြေသို့ရောက်ရှိသည်။ ပန်းတစ်ပွင့်တောင်အဝင်ဝမုခ်ဦးတွင် ဘုရားဖူးကားများနှင့် ဆိုင်ကယ်များ စနစ်တကျရပ်ရန် ယာဉ်ရပ်နားကွင်းရှိသည်။ ပန်းတစ်ပွင့်တောင်ကျောင်းဝင်းတွင် ဗုဒ္ဓသာသနာတက္ကသိုလ်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်နိုင်ကြောင်းသိရသည်။ ဘုရားဖူးရန် တောင်ပေါ်သို့တက်ရပြီး ရင်ပြင်တော်ပေါ်မှ ဖူးကြီးကန်နှင့် စိမ်းမြမြသစ်ပင်သစ်တောများသည်လည်း အမြင်အာရုံကို ဆန်းသစ်စေပြီး စိတ်ကိုကြည်နူးကာ လတ်ဆတ်သောလေကို ရှူရှိုက်ရခြင်းသည်လည်း ပန်းတစ်ပွင့်တောင်၏ ထူးခြားချက်ပင်ဖြစ်သည်။

အဆိုပါစာအုပ်တွင် မှော်ဘီရာဇဝင်နှင့် ခေတ်အဆက်ဆက်သမိုင်းများ၊ ရွှေမော်တင်ဘုရားသမိုင်း၊ ကျိုက်ဒေးဒလွန်ဘုရားသမိုင်း၊ ဂျပန်ဘုရား၊ ပန်းတစ်ပွင့်တောင်၊ သာစုကန်ဘုရားသမိုင်း၊ ဘုရားသုံးဆူနှင့် မနင်းစိန်သိုက်သမိုင်း၊ မှော်ပီဆရာသိန်း၊ သဲအင်းဂူဆရာတော်၊ ဆရာကြီး ဒေါက်တာမင်းသိခ် အစရှိသည့် သမိုင်းဆိုင်ရာအထောက်အထားများ၊ မှော်ဘီတပ်နယ်၏ အထင်ကရများ၊ မှော်ဘီမြို့မဈေး၊ မှော်ဘီကျောက်တိုင်၊ မှော်ဘီမြို့ရှိ တက္ကသိုလ်၊ အထက၊ အလက၊ အမကကျောင်းများသမိုင်းနှင့် မှော်ဘီမြို့နယ်အတွင်းရှိ လမ်းတံတား၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် စာရင်းဇယားများအပြင် ရှေးဟောင်းမှတ်တမ်းဓာတ်ပုံပေါင်း ၁၀၀ ကျော်ဖြင့် စုစည်းရေးသားမှတ်တမ်းတင်ထားသည်။

**စာအုပ်ကို ရွှေထက်စာပေ၊ အမှတ်(၈၁)၊ စိုက်ပျိုးရေးလမ်း၊ စဉ့်ငူရပ်ကွက်၊ အင်းစိန် ဖုန်း-၀၉ ၄၂၀၁၁၂၅၄ မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပန်းအရုဏ် (စာစီစာကုံးနှင့် အဆိုဆွေးနွေး)




အခြေခံပညာအထက်တန်း (Gread 10,11,12) ကျောင်းသားကျောင်းသူများ အရေးအသားစွမ်းရည် အထောက်အကူပြုစေရန် ဆရာမောင်စံပြော ပြုစုရေးသားသည့် ပန်းအရုဏ်(စာစီစာကုံးနှင့် အဆိုဆွေးနွေး) အတွေးသင် အရေးသင်စာအုပ် ထွက်ရှိလာသည်။


အဆိုပါစာအုပ်တွင် စာစီစာကုံးရေးသားခြင်းသည် ကျောင်းသားကျောင်းသူများအဖို့ ငယ်ကြောက်ဖြစ်ပါသည်။ သူမခြောက်မီကပင် ကိုယ်ကကြောက်နှင့်ပြီး ဖြစ်ပါသည်။ ထို့ထက် အဆိုဆွေးနွေးရေးသားခြင်းကလည်း ငယ်ကြောက်မှ မလွယ်ကြောက်တိုးစေပြန်တော့သည်။ စင်စစ် စာစီစာကုံးရေးသားခြင်းသည် အခြေခံပညာအဆင့်၌သာ ပြီးဆုံးသွားမည့် ကိစ္စမဟုတ်ပါ။ အဆင်မြင့်ပညာနယ်ပယ်နှင့် လုပ်ငန်းခွင်ဝင်စာမေးပွဲများတွင်လည်း တွေ့ရ၊ ကြုံရဦးမည်ဖြစ်သည်။ သို့ဖြစ်၍ ဘဝတွင် စာစီစာကုံးရေးသားခြင်းသည် အဖော်ကောင်းဖြစ်ရမည်၊ အဆိုဆွေးနွေးခြင်းသည်လည်း အပေါင်းကောင်းဖြစ်ရမည်။ ထိုသို့ အဖော်ကောင်း၊ အပေါင်းကောင်း ဖြစ်စေရေးအတွက် ပန်းအရုဏ်သည် စာဝမ်းစာအားဖြည့်ခြင်းတစ်ရပ်ဖြစ်နိုင်လိမ့်မည်ဟု စာရေးသူက ယုံကြည်ထားသည်။

တံတားကြီးပေါ်မရောက်မီ တံတားချဉ်းကပ်လမ်းကို ဖြတ်သန်းရမြဲဖြစ်သည်။ ယခုလည်း ငါးပိုဒ်ဖွဲ့ စာစီစာကုံး၊ လေးပိုဒ်ဖွဲ့ အဆိုဆွေးနွေးခြင်းတို့ကိုမလေ့လာမီ စာပိုဒ်အကြောင်းကိုသိစေရန်၊ သုံးပိုဒ်ဖွဲ့ စာစီစာကုံးငယ်ကို သတိမူမိစေရန် စီစဉ်ထားသည်။ သို့ဖြစ်ပါ၍ ဤပန်းအရုဏ်(အတွေးသင် အရေးသင်) စာအုပ်တွင် စာပိုဒ်၊ လယ်စောင့်တဲကလေး(သုံးပိုဒ်ဖွဲ့ စာစီစာကုံးငယ်)၊ ငါးပိုဒ်ဖွဲ့ စာစီစာကုံးနှင့် လေးပိုဒ်ဖွဲ့ အဆိုဆွေးနွေးဟူ၍ အပိုင်းလေးပိုင်းကို လေ့လာနိုင်သည်။

ထို့အပြင် အခြေခံပညာအထက်တန်း(Gread 10,11,12) ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဖြေဆိုရာတွင် စာစီစာကုံးအရေးအသားအတွက် အထောက်အကူဖြစ်စေရန် စာစီစာကုံးပုဒ်ရေ ၄၂ ပုဒ်နှင့် အဆိုဆွေးနွေး ၂၄ ပုဒ်တို့ကို အဆိုပါစာအုပ်တွင် ရေးသားထားသဖြင့် ကျောင်းသား ကျောင်းသူများ သာမက လုပ်ငန်းခွင်ဝင်စာမေးပွဲဖြေဆိုမည့်သူများအတွက်ပါ အထောက်အကူပြုနိုင်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ဝန်ချတောင်စာပေ၊ တိုက်(၁၅)၊ အခန်း(၂၀၂)၊ အင်းဝအိမ်ရာ၊ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၀၂၀၅၀၅၄ နှင့် ၀၉ ၉၇၁၇၂၃၆၅၁ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဖြစ်ရပ်မှန်ကိုအခြေခံသော နရသိန်ဝတ္ထုတိုများ အတွဲ(၂)




နီမင်းညိုစီစဉ်ပြီး ကလောင်စုံရေးသားသည့် ဖြစ်ရပ်မှန်ကိုအခြေခံသော နရသိန်ဝတ္ထုတိုများ အတွဲ(၂) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် တံတားဦးက ကွမ်းနု၀ါ၊ ငန်းမြာကဆေး၊ ကွမ်းသီး တောင်ငူနှင့် ကိုင်း ထုံးဖြူ ပြည်ရှား၊ သာဝါးလို့ထွေး။ ငယ်ငယ်ကသင်ခဲ့ရသည့် ကွမ်းယာနှင့်ပတ်သက်သည့် ကဗျာကလေးဖြစ်သည်။ ထိုကဗျာလေးသည် ကွမ်းနှင့်ပတ်သက်၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ တံတားဦးက ကွမ်း၊ ငန်းမြာအရပ်ကဆေး၊ တောင်ငူကကွမ်းသီး၊ စစ်ကိုင်းက ထုံး၊ ပြည်က ရှားဆေးတို့ပေါင်းစပ်ပြီး ကွမ်းယာစားကာ အသာအယာဝါးပြီး မြိုမချဘဲ ထွေးရန်ဆိုထားပါသည်။ ယခုတော့ ကွမ်းယဉ်ကျေးမှုက တော်တော်နက်ရှိုင်းနေပါသည်။ ကွမ်းယာဆိုင်များကို နေရာတိုင်းတွင် လက်ညှိုးထိုးမလွဲ တွေ့နေရသည်။ ကွမ်းစား၍ တိုးတက်ကြီးပွားသည်ကို မတွေ့ရပါ၊ ကွမ်းစားခြင်းဖြင့် အင်္ကျီတွေပေ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာတို့ဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာမှ ဆရာဝန်ကိုလုပ်ကျွေးနေရမည်ဖြစ်သဖြင့် ကျန်းမာရေးရှုထောင့်အရကြည့်လျှင် ကွမ်းကို မစားသင့်ကြောင်းနှင့် စားပါက ထိထိရောက်ရောက်တားမြစ်သင့်ပါသည်။

နောက်ဆုံး နရသိန်ထဲတွင် ကွမ်းယဉ်ကျေးမှု လွှမ်းမိုးနေပါကြောင်းတွေ့ရသည်။ အင်းစိန်ထောင်ရှေ့တွင်ရောင်းသည့် ကွမ်းယာဆိုင်သည် တစ်နေ့လျှင် ကွမ်းပိသာချိန် ၃၀ ခန့်ကုန်နိုင်မည်ဟုခန့်မှန်းကြောင်း ရေးသားထားသည်။ ကလေးထောင်တွင် သက်သာချောင်ချိရေးအတွက် ဈေးဝယ်ပါက ကွမ်းအများဆုံးဝယ်ပေးရသည်။ တစ်လနှစ်ကြိမ်ဈေးဝယ်ရာ ကွမ်း၊ ကွမ်းသီး၊ ထုံး အများဆုံးမှာယူကြသည်။ ထောင်ဝန်ထမ်းများကလည်း ရောင်းသည်။ အကျဉ်းသားများကလည်း စားသည်မှာ အိန္ဒိယကလာသည့် ၉၂ နှင့် ၉၅ ဆေးများဖြင့်စားကြသည်။ တချို့ဆိုလျှင် ခိုင်နီး ခေါ်သည့် ဆေးနုပ်အမှုန့်ကို လက်ဖြင့်အနည်းငယ်ယူ၍ လျှာအောက်တွင်ထည့်ပြီး ထိုမှထွက်သည့် အရည်ကိုမြို့နေကာ ရီဝေဝေအရသာကို ခံစားရသည်။ ထို့ကြောင့် ကွမ်းကိုမစားရန် တားမြစ်သင့်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို အော်ကျူးမီဒီယာ၊ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပန်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဆင်တဲ)၌ လူငယ်စကားဝိုင်းကျင်းပ

ပန်းတောင်း ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်စကားဝိုင်း"ကို ယမန်နေ့နံနက် ၉ နာရီခွဲက အထက(ဆင်တဲ) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အထက(ဆင်တဲ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိဉာဏ်ပညာဗဟုသုတ ပိုမိုရရှိစေရန်၊ စကားပြောအတတ်ပညာ ကျွမ်းကျင်တတ်မြောက်ပြီး ရဲဝံ့စွာပြောဆိုတတ်စေရန်၊ ဉာဏ်ပညာကြီးမားပြီး အတွေးအခေါ် မြှုတသည့်လူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade 11 ကျောင်းသူ ငါးဦးက ဆွေးနွေးခဲ့သည်။ Grade-11 မှ မလင်းလက်လက်အောင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မအိအိမိုးက လူငယ်နှင့် အောင်မြင်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ မထက်အိန္ဒြေဝင်းက လူငယ်နှင့် အယုံလွယ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မယမင်းဇာခြည်သွယ်က လူငယ်နှင့် အခွင့်အလမ်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ မထက်ထက်နိုင်က လူငယ်နှင့်ကျော်ကြားမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။




ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# တို့ဆရာ

## သိပ္ပံမောင်ဝ

တို့ဆရာ ဝိဇ္ဇာတန်းကို အောင်မြင်သည်မှာ အတော်ကြာပေပြီ။ အတော်ကြာသည်ဆိုရာ ငါးနှစ်၊ ခြောက်နှစ်ခန့်ကြာသည်ကို ဆိုလိုသည်။ ဝိဇ္ဇာတန်းကို အောင်မြင်ပြီးနောက် တက္ကသိုလ်မှ မခွာရက်သောကြောင့် ဆရာဆက်၍လုပ်ကိုင်နေသူပေတည်း။

ဆရာလုပ်နေသောကြောင့် 'တို့ဆရာ'တည်းဟူသော အမည်ထူးကိုရ၏။ မြို့အုပ်အလုပ်ကို လုပ်မည်ဆိုလျှင် 'တို့မြို့အုပ်' အမည်ကို ရမည်ကားမလွဲ။ ဝန်ထောက်အလုပ်ကို ဝင်၍လုပ်မည်ဆိုပါလျှင် 'တို့ဝန်ထောက်'ဘွဲ့ကို ရမည်လည်းမလွဲပေ။ ဤမျှသတ္တိထူးရှိသော ပုဂ္ဂိုလ်ကြီးပေတည်း။

တို့ဆရာကား တက္ကသိုလ်ကျောင်း၌ နေရာတကာတွင် ထင်ရှားပေါ်လွင်သော ဆရာတစ်ဦးဖြစ်လေသည်။ တက္ကသိုလ်ဆရာများသည် ပညာသင်ကြားရာ၌ ကျော်ကြားကြပေလိမ့်မည်။ သို့ရာတွင် တို့ဆရာလောက် အသုံးဝင်သောဆရာကားမရှိပေ။ မြစ်သည် ရေမရှိလျှင် မတင့်တယ်သကဲ့သို့၊ အိုင်သည် ကြာမရှိလျှင် မတင့်တယ်သကဲ့သို့၊ တိုင်းပြည်သည် မင်းမရှိလျှင် မတင့်တယ်သကဲ့သို့၊ ရန်ကုန် တက္ကသိုလ်ကြီးသည်လည်း တို့ဆရာမရှိလျှင် တင့်တယ်မည်မဟုတ်ပေ။

ကျောင်းဆရာ လုပ်နေသော်လည်း တို့ဆရာမှာ စစ်မှုစစ်ရာကို များစွာ ဝါသနာပါ၏။ လေ့လာ၏။ ကျွမ်းကျင်၏။ ကျောင်းသားများ စစ်အတတ်များ သင်ကြားမှုတွင် တို့ဆရာမပါလျှင်မပြီး။ အမြဲပါဝင်ရလေသည်။ ကျောင်းသားများ စစ်ရေးပြလျှင် တို့ဆရာမှာ စစ်တပ်ကို ဦးစီးသော စစ်သူကြီးဖြစ်၏။ ကျောင်းပိတ်သောအခါ ကျောင်းသားစစ်သည်တော်တို့သည် တစ်မြို့မြို့သို့ ပျော်ပွဲစားထွက်လေ့ရှိကြသည်။ ထိုအခါများတွင် တို့ဆရာ ပါစမြဲဖြစ်၏။

ကျောင်းတွင် အငြိမ့်ခံမည်ဆိုလျှင် တို့ဆရာပင် အငြိမ့်ငှားရ၏။ ကျောင်းတွင် အစည်းအဝေးပွဲရှိလျှင် တို့ဆရာပင် အကျွေးအမွေးကို စီမံပေးရ၏။ ကျောင်းတွင် မီးထွန်းပွဲလုပ်မည်ဆိုလျှင် တို့ဆရာပင် လူကြီးလူကောင်းတို့ကို ဖိတ်မံခြင်းပြုရ၏။ မြို့ထဲတွင် လိုသောအရာရှိလျှင် တို့ဆရာပင် ဧည့်ခံခြင်းအလုပ်ကို ဆောင်ရွက်ရ၏။ တို့ဆရာမပါလျှင် မည်သည့်အလုပ်သည် စည်စည်ကားကား ဖြစ်နိုင်တော့အံ့နည်း။

တို့ဆရာကား စိန်တွေ အများကြီးဝတ်စားနိုင်သော မိန်းမကြီးကြီးငယ်ငယ်တို့ပေါ်ရာ ရန်ကုန်မြို့ကြီးတွင် အသိအကျွမ်းများသော ပုဂ္ဂိုလ်ကြီးလည်းဖြစ်ပေ၏။ ကျောင်းတွင် ပွဲလမ်းသဘင် ကျင်းပတော့မည်ဆိုလျှင် ရန်ကုန်မြို့တွင်းမှ လာကြသော ဧည့်သည်တို့ကို ဧည့်ခံနေရသည်နှင့်ပင် မအားတော့ပြီ။ အလုပ်များလှပါဘိ။

တက္ကသိုလ်ကျောင်း၌ အလှူပွဲများကို ဆင်ယင်ကျင်းပသောအခါများတွင်လည်း တို့ဆရာမှာ အလုပ်ပျက်အကိုင်ပျက် အမှုပွေလှပေ၏။ ပွဲကပြမည့်သူ ဝတ်စားရန် အဝတ်အစားအတွက်လည်း တို့ဆရာ၊ ဆိုင်းဆရာများကို ငှားရမ်းသည်လည်း တို့ဆရာ၊ ဇာတ်တိုက်သောအခါ အမြဲအကြံပေးသည်လည်း တို့ဆရာ၊ လက်မှတ်ရောင်းရသူကလည်း တို့ဆရာ၊ ပွဲတွင် ဧည့်ခံရသူမှာလည်း တို့ဆရာ။ အမယ်လေးဟဲ့ တို့ဆရာ တတ်နိုင်ပါပေရဲ့။

တို့ဆရာမှာ ယခုမှသာ ဤဂုဏ်ထူးမျိုးနှင့် ပြည့်စုံသည်မဟုတ်၊ တို့ကျောင်းသားဘဝတုန်းကပင် ပြည့်စုံလာသူ ဖြစ်လေသည်။

ကျောင်းတွင် အငြိမ့်ခံမည်ဆိုလျှင် တို့ဆရာပင် အငြိမ့်ငှားရ၏။ ကျောင်းတွင် အစည်းအဝေးပွဲရှိလျှင် တို့ဆရာပင် အကျွေးအမွေးကို စီမံပေးရ၏။ ကျောင်းတွင် မီးထွန်းပွဲလုပ်မည်ဆိုလျှင် တို့ဆရာပင် လူကြီးလူကောင်းတို့ကို ဖိတ်မံခြင်းပြုရ၏။ မြို့ထဲတွင် လိုသောအရာရှိလျှင် တို့ဆရာပင် ဧည့်ခံခြင်းအလုပ်ကို ဆောင်ရွက်ရ၏။ တို့ဆရာမပါလျှင် မည်သည့်အလုပ်သည် စည်စည်ကားကား ဖြစ်နိုင်တော့အံ့နည်း

တက္ကသိုလ်ကျောင်းရှိ အသင်းတိုင်းလိုလိုမှာပင် ငွေထိန်း၊ အကျိုးဆောင်၊ ကော်မတီ အစရှိသော အမှုဆောင်များဖြစ်ခဲ့ပေ၏။ တို့ဆရာမပါသောအသင်းကား မရှိသလောက်ရှားလေသည်။ အသင်း၏ အားထားရာ ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့၏။ အထူးသဖြင့် ကျောင်းဧည့်ခံကော်မတီများတွင် အမြဲပါဝင်ရသူတစ်ယောက်ဖြစ်ခဲ့လေသည်။

တက္ကသိုလ်ကျောင်းသူတို့အား တော်တော့်ကျောင်းသားသွား၍ ဧည့်မခံဝံ့၊ ဤအရာသည် လွယ်ကူသော အရာမဟုတ်။ မျက်နှာအလွန်ရှိန်းတိမ်းတိမ်းနေသောအရာ ဖြစ်လေသည်။ မည်မျှ စကားအပြောကောင်းသူဖြစ်စေကာမူ ကျောင်းသူကလေးတို့အား ဧည့်ခံသောနေရာသို့ကျလျှင် စစ်လာ၍သာ လာစမြဲ။ ထိုအခါ၌ တို့ဆရာကို တောင်းပန်ကြရကုန်၏။ တို့ဆရာ ဧည့်ခံလိုက်မှ နေရာတကျဖြစ်သွားလေတော့သည်။

အဘယ်ကြောင့်ပါနည်း။ တက္ကသိုလ်ကျောင်းသူတို့နှင့် အသိအကျွမ်းများသူဖြစ်သောကြောင့်ပေတည်း။ အသိအကျွမ်းများရုံမျှမကသေး၊ တက္ကသိုလ်ကျောင်းကြီးတွင် တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲနှမကလေးများ ပေါသူလည်းဖြစ်ပေ၏။ ထိုနှမကလေးများနှင့် ဆွေးနွေးရန် 'နတ်နန်း' ဟူ၍ တွင်ခဲ့ဖူးသော ဘတ်လမ်းရှိ မိန်းကလေးများ နေထိုင်ရာကျောင်းသို့ ရောက်ခဲ့သည်မှာလည်း မရေတွက်နိုင်ပြီ။

ထိုထိုသော နှမဝမ်းကွဲကလေးများမှာ ကျောင်းမှ ထွက်သွားကုန်ကြပြီ။ ယခု တို့ဆရာအဖြစ်သို့ရောက်သော် နှမဝမ်းကွဲကလေးများအစား တူမဝမ်းကွဲကလေးများ ပေါများလျက်နေပြန်၏။ ထိုတူမဝမ်းကွဲကလေးများကို စောင့်ရှောက်ဆုံးမရန်အတွက် အင်းလျားကျောင်းဆောင်ဘက်သို့ ခြေဦးလှည့်ရပြန်လေသည်။

ရောဝတီမြစ်ကြီး၏ရေသည် ကုန်ခန်းသည်ဟူ၍မရှိ။ အမြဲစီးဆင်း၍ နေဘိသကဲ့သို့ တက္ကသိုလ်ကျောင်းတွင်လည်း တို့ဆရာ၏ နှမဝမ်းကွဲကလေးများ၊ တူမဝမ်းကွဲကလေးများသည် ကုန်ခန်းသည်ဟူ၍ မရှိ။ အမြဲပင် ထပ်တလဲလဲ ရောက်၍ ရောက်၍ လာရကုန်၏။ ထိုနှမဝမ်းကွဲကလေးများ၊ တူမဝမ်းကွဲကလေးများအတွက် အစစအရာရာတွင် စီမံဆောင်ရွက်ပေးရလေသည်။ သို့ဖြစ်သောကြောင့် ထိုတူမ၊ နှမဝမ်းကွဲကလေးများ၏ အားထားရာကြီးလည်းဖြစ်ပေ၏။ ငါးကို ကုန်းပေါ်သို့ တင်လိုက်မည်ဆိုလျှင် မနေတတ်ဖြစ်သကဲ့သို့ တို့ဆရာ အင်းလျားကျောင်းဆောင်သို့ မသွားလျှင် သူ၏ တူမဝမ်းကွဲကလေးတို့မှာ မနေတတ်မထိုင်တတ်ဖြစ်ချေတော့မည်။

တို့ဆရာကား တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းလုံး၏ မျက်နှာဖုံးကြီးဖြစ်ပေ၏။ သူတကာ၏အကျိုးကို ဆောင်ရွက်ရာ၌ မိမိ၏အကျိုးကိုမကြည့်ပေ။ သူတကာ၏ အကျိုးဆောင်ကြီး ပါတကား။ ဩော် တို့ဆရာ..။ ။

၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီ၊ ဂန္ထလောက။

# မော်လမြိုင်မြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် အထက(၈) Grade-10/11 ကျောင်းသူများ၏ "စုံညီပွဲတော်တို့နွဲပျော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ယုကအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက စုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အထိမ်းအမှတ်နေ့များတွင် ကဗျာ၊ ပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာထူးချွန်ဆုရရှိသူများ၊ မြို့နယ်အဆင့် အားကစား ထူးချွန်ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျောင်းအုပ် ဆရာကြီး ဆရာမကြီးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၃ MNL အမှတ်ပေးပြိုင်ပွဲကို ဖေဖော်ဝါရီ တတိယပတ်မှ အောက်တိုဘာနောက်ဆုံးပတ်အထိ ကျင်းပရန် စီစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဖေဖော်ဝါရီ တတိယပတ်မှ အောက်တိုဘာ နောက်ဆုံးပတ်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည့် MNL ကလပ်အသင်း တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ပြိုင်ပွဲကျင်းပမည့်ကာလကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ရာသီ MNL ပြိုင်ပွဲကို ယခင်က ဖေဖော်ဝါရီ ဒုတိယပတ်မှ စက်တင်ဘာအထိ ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ ဖေဖော်ဝါရီ တတိယပတ်တွင် စတင်ပြီး အောက်တိုဘာ နောက်ဆုံးပတ်တွင် အပြီးကျင်းပသွားမည်ဖြစ်သည်။ ကလပ်အသင်းများအနေဖြင့် ကစားသမားများ မှတ်ပုံတင်ရာတွင် ယူ-၂၂ အပါအဝင် လူငယ်ကစားသမားများကို ထည့်သွင်းမှတ်ပုံတင်ရန် ထည့်သွင်း ဆွေးနွေးခဲ့သည်။ လာမည့် MNL ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် YUSC မြက်ခင်းတုကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၂၂ ရာသီ MNL ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ၁၀ သင်း၊ MNL-2 (ပထမတန်း)မှ တန်းတက်လာသည့် နှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ လာမည့် MNL ပြိုင်ပွဲကို (၁၄)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ဖိုလ်စွဲထားသည်။ **သတင်း - ကိုညီလေး**

**ဓာတ်ပုံ - သော်ကြီး**



၂၀၂၂ MNL ပြိုင်ပွဲ ကျင်းပနေစဉ်။

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ တက္ကသိုလ်များလှိုင်နယ်မြေဝင်း၌တည်ရှိသော ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ပိုင် အသုံးမလို ပိုလျှံနေသော ဆက်သွယ်ရေးတာဝါတိုင်များအား ရောင်းချရန်ရှိပါသဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

| Lot | Description | Height (meter) | Wind Speed (kmph) | Qty | ပစ္စည်းတည်နေရာ |
|---|---|---|---|---|---|
| Lot-1 | 3 Legged Self-support Communications Tower (China) | 42 | 200 | 2 | ရန်ကုန် |
| Lot-2 | 3 Legged Self-support Communications Tower (China) | 42 | 200 | 8 | နေပြည်တော် |
| Lot-3 | 3 Legged Self-support Communications Tower (Malaysia) | 42 | 200 | 4 | ရန်ကုန် |
| Lot-4 | 3 Legged Self-support Communications Tower (Malaysia) | 42 | 200 | 6 | နေပြည်တော် |
| Lot-5 | 3 Legged Self-support Communications Tower (Thailand) | 42 | 180 | 10 | ရန်ကုန် |

၂။ **ပစ္စည်းများကြည့်ရှုနိုင်မည့်နေ့ရက်၊အချိန်နှင့်နေရာ**-(၁၉-၁-၂၀၂၃) ရက်နေ့မှ (၈-၂-၂၀၂၃) ရက်နေ့အတွင်း နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် (၁၀) နာရီမှ ညနေ (၃) နာရီအတွင်း၊ ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရန်ကုန်) နှင့် ရတနာပုံတယ်လီပို့ (နေပြည်တော်ရုံးခွဲ)၊ အမှတ် (DEH-41)၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

၃။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်နေရာ**- ရတနာပုံတယ်လီပို့အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ အမှတ် (၂၅)၊ တက္ကသိုလ်များလှိုင်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်နေ့ရက်နှင့်အချိန်**-(၁၉-၁-၂၀၂၃)ရက်နေ့မှ(၉-၂-၂၀၂၃)ရက်နေ့အထိ၊ တနင်္လာ မှ သောကြာ နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် (၁၀) နာရီမှ မွန်းလွဲ (၂) နာရီအတွင်း။

၅။ ဖြည့်စွက်ပြီး တင်ဒါအဆိုပြုလွှာပုံစံများကို(၉-၂-၂၀၂၃)ရက်နေ့ (၁၄:၃၀) နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာပုံစံ ထုတ်ယူခဲ့သည့်ရုံး၌ ပြန်လည်တင်သွင်းရပါမည်။

၆။ ထပ်မံသိရှိလိုသောအချက်အလက်များရှိပါက (၉-၂-၂၀၂၃) ရက်နေ့မတိုင်မီ ရုံးချိန်အတွင်း ကုမ္ပဏီရုံး၊ ဖုန်း ၀၉-၂၅၀၄၄၃၀၉၀ ၊ ၀၉- ၄၂၀၀၁၅၂၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ တိုက်အမှတ်(၉)၊ ၄-လွှာ(ခြေရင်းခန်း)တိုက်ခန်းနှင့် တိုက်ခန်း၏ ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးကျော်ထူး[၁၀/မလမ(နိုင်)၀၀၀၉၄၀]က ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ ဦးကျော်ထူးက ပြန်လည်ရောင်းချတော့မည်ဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယ ပလာဇာ၊ ဦးဝိစာရလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၆

| | | |
|---|---|---|
| ရောဝတီဘဏ်လီမိတက် (၎င်း၏ကိုယ်စား ရန်ကုန်-၁၀၁၊ ဘဏ်ခွဲရှိ ဒေါ်လွင်လွင်ဦး၊ ဒုတိယမန်နေဂျာ) | နှင့် | ၁။ ဦးမျိုးဇော် ၂။ ဒေါ်ကေသီမင်း Shwe Naing Tun Co.,Ltd |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ မြေနီကုန်းပလာဇာ၊ အခန်းအမှတ်(၆/ဘီ)နေ ၁-တရားပြိုင် ဦးမျိုးဇော်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်က ရောဝတီဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲ (၁၀၁)၊ မြေနီကုန်းဘဏ်ခွဲထံမှ ချေးယူထားသော (CREDIT Guarantee Insurance CGI အာမခံငွေ) ချေးငွေအရင်းနှင့် အတိုးငွေကျပ်-၄၆၁၁၈၃၁၂ ကျပ် (လေးရာခြောက်ဆယ့်တစ်သိန်းတစ်သောင်း ရှစ်ထောင်သုံးရာတစ်ဆယ့်နှစ်ကျပ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်၊ ၁၃၈၄ ခုနှစ်၊ ပြာသိုလဆုတ်(၁၃)ရက်၊ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နီနီအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## "ကွန်ဒိုတိုက်ခန်းဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် **"ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ (၇)မိုင်၊ ပြည်သူ့လမ်း၊ မြေအမှတ်-(၁၂-L)၊ ပြည်ငြိမ်းသူကွန်ဒို၊ တတိယထပ်၊ (3B1)ဟုခေါ်တွင်သော အကျယ်-(၁၁၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် ရေ မီးအစုံအလင်နှင့် ကားပါကင်တစ်နေရာစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့အား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသဉ္ဇာသိန်း (LL.B) (စဉ်-၁၄၅၉၈)** | **ဒေါ်ပွင့်သူဇာ (LL.B) (စဉ်-၁၄၅၉၂)** | **ဦးနေလင်း (LL.B) (စဉ်-၅၀၄၃၀)** |
| | | **ဦးသိန်းထွန်းကျော်(LL.B)(စဉ်-၅၄၇၄၉)** |
| | | **ဒေါ်သိင်္ဂီနိုင် (LL.B) (စဉ်-၅၀၈၃၅)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **ဦးသီရိန်လင်း (LL.B) (စဉ်-၅၅၃၂၄)** |
| | | **အထက်တန်းရှေ့နေများ** |

**Law Garden Lawfirm**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## အမည်ပြောင်း

(ဘ)ဦးညီညီအောင်-(မိ)ဒေါ်ဆွေဆွေလွင်တို့၏သမီး မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ မြို့ရှေ့ကျောင်း စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မနန်းထိုက်ဝင့်အား ယနေ့မှစ၍ မလင်းရတနာထွန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မလင်းရတနာထွန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ သာဝတ္ထိ၊ အင်းသာရပ်နေ ဦးစံလွင်-ဒေါ်မြမြတို့၏သား ဦးအောင်စိုးထိုက်(ခ) အာလူး[၁၂/လကန(နိုင်)၁၃၁၅၁၆]သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးဝတာဝန်မယူပါ။

**မိဘ**
**ဦးစံလွင် [၁၂/လကန (နိုင်)၀၁၄၄၂၂]**
**ဒေါ်မြမြ [၁၂/လကန(နိုင်)၀၁၄၄၂၁]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ မြတ်သုခလမ်း၊ အမှတ်(၉/ခ)တွင်တည်ရှိသည့် မြေကွက်အကျယ် ပေ(၃၅x၅၆)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးခိုင်ကြည်(ဘ) ဦးခိုင်[၁၂/သလန(နိုင်)၀၃၁၆၃၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးသက်မှူးပိုင်[၁၂/ပဇတ(နိုင်)၀၃၂၄၉၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစရန် ကြေညာအပ်ပါသည်။

**ဦးသက်မှူးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး(LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၃၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ရုံးတော်ကွက်၊ မင်းရဲကျော်စွာလမ်းတွင်တည်ရှိသည့် အကွက်အမှတ်(၂၃)၊ ရုံးတော်ကွက်၊ ဦးပိုင်အမှတ်(၈/၁၅)၊ ဧရိယာ(၀.၂၃၇)ဧကရှိ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးနေမျိုးထွန်း(ဘ) ဦးကျော်မြင့်[၁၂/ဗတထ(နိုင်)၀၄၇၂၈၆]၊ ဒေါ်တင်တင်နု(ဘ) ဦးအေဟာမစ်(ခ)ဦးခင်မောင်တင့်[၁၂/ဗတထ(နိုင်)၀၃၁၆၅၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်ခင်လေးမူ[၉/မရတ(နိုင်)၁၀၁၀၁၄]၊ ဒေါ်ရည်မွန်ခင်[၉/ခအဇ(နိုင်)၀၁၅၅၈၈]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော ဂရန်မူရင်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးမူ၊ ဒေါ်ရည်မွန်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး(LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၃၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## "ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၀)လမ်း၊ အမှတ်(၁/၈၀၂)၊ ဒေါ်တင်နွယ်အေး [၁၂/ဥကမ(နိုင်)၁၇၅၈၀၉] ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲနိုင်ရန်အတွက် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

မှတ်ပုံတင်စာချုပ်အမှတ်-၁၀၈၃၉ (၂၈ . ၁၂ . ၂၀၂၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ မဆလာနှင့် အလှော်တောင့်" တို့ကို ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ ပြက္ခဒိန်၊ ကွန်ပျူတာ၊ အင်တာနက်၊ စတေကာ၊ အဝတ်အထည်အမျိုးမျိုး အစရှိသည်တို့ကို ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင် ယင်းကုန်အမှတ်တံဆိပ်ကို ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်ကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူအိတ်၊ စက္ကူပတ်၊ ဂုံနီအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်ပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး တို့ကို ပြုလုပ်ပြီး ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်ပြီး အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပ၊ ဆင်တူယိုးမှားမပြုလုပ်ကြပါရန် သတိပေး တားမြစ်အပ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် အထက်ပါတားမြစ်ချက်တို့ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်စုနန္ဒာလွင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၄၂)
အမှတ်(၄၁)၊ အာသာဝတီ(၃)လမ်း၊
(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ (ဖုန်း) ၀၉-၂၅၂၄၀၀၇၀၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်း(၃၀)၊ တိုက်အမှတ်(၅၃/၅၉)၊ အခန်းအမှတ်(၅)(၆)၊ ပထမထပ်၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ၁။ ဒေါ်အေးအေးမူ [၁၂/ပဘတ(နိုင်)၀၁၅၃၁၃]၊ ၂။ ဒေါ်စုစုထွေး [၁၂/ပဘတ(နိုင်)၀၁၄၈၄၂]၊ ၃။ ဒေါ်ချစ်သဥ္ဇာအောင်[၁၂/ဒဂန(နိုင်)၀၂၉၈၈၁]၊ ၄။ ဒေါ်စုစန္ဒီအောင်[၁၂/ ပဘတ(နိုင်)၀၃၂၆၅၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၃၆/၉၁)**
**အမှတ်(၃၅၀/ ၃၅၄)၊ အခန်း(၅)၊ တတိယထပ်၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၄၉၉၈၊ ၀၉-၇၉၅၁၉၄၉၉၈၊ ၀၉-၇၆၅၁၉၄၉၉၈**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သက်သက်ဝါ (အားကစားမှူး)**
**ကျောက်တန်းမြို့နယ်**
**အသက်(၅၇)နှစ်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ကျောက်တန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်သက်သက်ဝါ(အားကစားမှူး)သည် ၁၃-၁-၂၀၂၃(သောကြာနေ့)မွန်းလွဲ ၁:၁၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ**
**နှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ပြည်တွင်းပြည်ပ သာသနာပြုဆရာတော်**
## ဘဒ္ဒန္တဓမ္မရက္ခိတ
**သိက္ခာတော် (၃၆)ဝါ၊ သက်တော် (၅၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီးရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်းရှိ အနန္တဂုဏ်ရည်သာသနာ့ရိပ်သာနှင့် မလေးရှားနိုင်ငံ မာလာကာမြို့ စိတ္တသုခကျောင်းတို့၏ ဦးစီးပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တဓမ္မရက္ခိတသည် ၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၈) ရက်၊ ၁၃-၁-၂၀၂၃ (သောကြာနေ့) နံနက် ၅:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ပြာသိုလပြည့်ကျော် (၁၂) ရက်၊ ၁၇-၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၈:၃၀ နာရီတွင် ဈာပန အခမ်းအနား ကျင်းပ၍ မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး/ရပ်နီးမှ ဒါယကာ၊ ဒါယိကာမ ဆွေတော်မျိုးတော်အပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဈာပနဖြစ်မြောက်ရေးကော်မတီ**

## ဒေါ်ညိုညိုမြိုင်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၃၂ တိုးချဲ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အိမ်အမှတ် ၄၇ နေ (ဒေါက်တာဘိုးမြိုင်-ဒေါ်စောရှင်)တို့၏သမီး၊ ဒေါက်တာကျော်သန်း[ပါမောက္ခချုပ်-(ငြိမ်း)၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်]၏ဇနီး၊ ဝင်းလွဲ့လွဲ့သန်း (UNIC Yangon) + Chris Chaffe)၊ (စိမ်းနွဲ့နွဲ့သန်း)၊ ခင်သွဲ့သွဲ့သန်း၊ ကပ္ပတိန် ရဲကျော်သန်း (Raffles Shipping)-ဇင်းဇင်းအောင်တို့၏ ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်ညိုညိုမြိုင်(ပါမောက္ခ-ငြိမ်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)သည် ၁၄-၁-၂၀၂၃ (စနေနေ့) နံနက် ၂:၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၃ ရက်၊ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ဖော်ပြပါ နေအိမ်သို့ ၂၀-၁-၂၀၂၃(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယိကာမကြီး**
## ဒေါ်ဖြူဖြူ (ဗဟိုဘဏ်-ငြိမ်း)
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၂၁)လမ်းအရှေ့၊ အမှတ်(၄၀)နေ (ဦးသာအောင်-ဒေါ်ခင်ဝင်း)တို့၏သမီးကြီး၊ (ဦးချစ်ဆွေ-ဒေါ်ဆုံ)တို့၏သမီးချွေးမ၊(ဦးကြီးမြင့်-မြန်မာစာ)၏ချစ်လှစွာသောဇနီး၊ ဦးဝင်းခိုင်မြင့်- ဒေါ်ဇင်မာထွန်း၊ ဒေါက်တာဝဏ္ဏမြင့်၊ ဒေါ်ဖြူကလျာနွေမြင့်(Technology Teacher, International School of Myanmar)၊ ဦးသူရမြင့်(Project Manager, Myanmar Carlsberg Co., Ltd)-ဒေါ်ငြိမ်းသီရိဝင်းတို့၏မိခင်၊ (ဒေါ်လှခင်)၊ ဦးသန်းထွန်း-(ဒေါ်တင်အေး)တို့၏ညီမ၊ ဦးဇော်မင်း၊ (ဒေါ်လှလှဌေး)၊ ဦးဝင်းနိုင်-ဒေါ်ခင်ညိုညိုဦးတို့၏အစ်မကြီး၊ မကလျာနွေနန်းထိုက်မြင့်၊ မကြည်စင်လင်းလက်မြင့်တို့၏ဘွားဘွားကြီး ဒေါ်ဖြူဖြူသည် ၁၂-၁-၂၀၂၃ ရက် ညနေ ၄:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိခအိမ်ရာ)၊ ရွှေတောင်လမ်း၊ မြေကွက်အမှတ်(၁၅၇/၂)၊ မြေအကျယ်အဝန်း (အလျား၂၇'၉"x အနံ ၆၇')ရှိ မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အမည်ပေါက် လျှောင်အပ်ဖိန့်(ခ)ဦးသက်ဦး(ဘ) ဦးတင်ဦး[၁၂/လသန(နိုင်)၀၀၄၃၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်သန္တာဇော် LL.B, D.I.T, C.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၂)**
**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၄၁၂၂၊ ၀၉-၇၉၆၃၄၅၃၈၈**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ အဖ ဦးရဲနိုင်အောင်[၁၃/ကခန(နိုင်)၀၀၁၉၃၉]နှင့် အမိ ဒေါ်ကြည်ကြည်ဝေ [၁၃/ကခန(နိုင်)၀၀၁၉၄၀]တို့က အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မင်းရဲကျော်စွာ (၈)လမ်း၊ အမှတ်(၉၈)တွင်နေထိုင်သော ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်ရဲဝင့်နောင်[၁၃/ကခန(နိုင်)၀၀၁၉၄၁]နှင့် သမီးချွေးမဖြစ်သူ မရွှေစင်[၁၂/အစန(နိုင်)၁၇၂၂၉၇]တို့သည် မိဘများ စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ယခုကြေညာချက်မတိုင်မီနှင့် ကြေညာချက်နောက်ပိုင်း ၎င်းတို့မိသားစုနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ ဦးရဲနိုင်အောင် [၁၃/ကခန(နိုင်)၀၀၁၉၃၉]၊ အမိ ဒေါ်ကြည်ကြည်ဝေ [၁၃/ကခန(နိုင်)၀၀၁၉၄၀] တို့၏လွှဲအပ်ချက်အရ-**

**ဦးစန်းယုနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၅၆) (၂၅-၁၀-၂၀၁၂)**
**ဖုန်း-၀၉-၅၂၁၀၉၉၂**




**ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးမောင်အုပ် (၈၇)နှစ်
**ကမ္ဘာအေးစေတီတော်၊ တနင်္ဂနွေ(ညနေ)သန့်ရှင်းရေးအသင်း၏ နာယကကြီး**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာနေ (ဦးထွန်းလှ-ဒေါ်ဂျမ်းပုံ)တို့၏သား၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆပ်သွားကျေးရွာနေ(ဦးပန်းဆိုင်-ဒေါ်ပု)တို့၏ သားသမက်၊ (ဦးစိုးမောင်-ဒေါ်လေးရှင်)၊ (ဦးတင်-ဒေါ်တင်ဥ)၊ ဦးမျိုးညွန့်(ကျောင်းအုပ်-ငြိမ်း)-(ဒေါ်တင်တင်အေး)တို့၏ညီမောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈)ရပ်ကွက်၊ သီဟလမ်း၊ အမှတ်(၄၄)နေ ဦးလွင်မောင်အေး (စက်မှုဝန်ကြီးဌာန-ငြိမ်း)-ဒေါ်လွင်လွင်မာ(စက်မှုဝန်ကြီးဌာန)၊ ဦးမင်းကိုကို(TTC ဆင်တဲ)-ဒေါ်နွယ်နွယ်ဦး(TEFFEL Co.,Ltd)၊ ဦးဝင်းဘိုဘို(TTC)- ဒေါ်နန်းဝေဝေတင်၊ ဒေါ်တင်တင်မိုး(MD Excellent Grade Services Co.,Ltd) တွဲဖက်ဘဏ္ဍာရေးမှူး(MCBA)၊ ဦးမောင်မောင်သင်ဆန်း-ဒေါ်ခင်နွဲ့ရီတို့၏ ဖခင်ကြီး မောင်ပြည်သိမ်းကျော်၊ မောင်ခန့်ဝင်းထွဋ်၊ မောင်ခိုင်မင်းစိုး၊ မောင်ရှိုင်းမင်းခေတ်၊ မဝင်းလွဲ့လွဲ့ခိုင်၊ မောင်ညီထွဋ်နိုင်တို့၏ အဘိုး၊ ဒေါ်ခင်အေး၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၁-၂၀၂၃(စနေနေ့)နံနက် ၀၀:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၃ (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၂၃ (သောကြာနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသာဒွန်းအောင်မြင့် (ခ) ဦးတင်မြင့် (စစ်ကိုင်း)
**BSc (Forestry) 1965**
**ဒုတိယ အထွေထွေမန်နေဂျာ (ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**
**အသက် (၈၇)နှစ်**

စစ်ကိုင်းမြို့၊ နန္ဒဝန်ကွက်သစ်နေ ဦးဖိုးစိမ့် - ဒေါ်သိန်းတင်တို့၏သား၊ မဘိန်းမြို့၊ မလှိုင်ကုန်းနေ ဦးမှိုင်း- ဒေါ်စော တို့၏ သားသမက်၊ ဦးဝင်းသူရအောင်၊ (ဦးစိုးသူရအောင်)၊ ဦးညီလင်းအောင် (မြန်မာ့စီးပွားရေးဘဏ်)- ဒေါ်အိပပမြင့်တို့၏ ဖခင်၊ မောင်အောင်ထက်မြတ်ကျော်၊ မောင်အောင်နိုင်သာ တို့၏ အဘိုး၊ ဒေါ်ခင်ညွန့်ညွန့်၏ ချစ်လှစွာသော ခင်ပွန်း ဦးသာဒွန်းအောင်မြင့် သည် ၁၃-၁-၂၀၂၃ ရက်နေ့ (သောကြာနေ့) ည ၁၀:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၃ ရက်နေ့ (တနင်္ဂနွေနေ့)တွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သက်သက်ဝါ (အားကစားမှူး)**
**ကျောက်တန်းမြို့နယ်**
**အသက်(၅၇)နှစ်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ကျောက်တန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်သက်သက်ဝါ (အားကစားမှူး) သည် ၁၃-၁-၂၀၂၃ (သောကြာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊**
**အရာထမ်း၊ အမှုထမ်းများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသာဒွန်းအောင်မြင့် (ခ) ဦးတင်မြင့် (စစ်ကိုင်း)
**BSc (Forestry) 1965**
**ဒုတိယ အထွေထွေမန်နေဂျာ (ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**
**အသက် (၈၇)နှစ်**

စစ်ကိုင်းမြို့၊ နန္ဒဝန်ကွက်သစ်နေ ဦးဖိုးစိမ့် - ဒေါ်သိန်းတင် တို့၏ သား၊ မဘိန်းမြို့၊ မလှိုင်ကုန်းနေ ဦးမှိုင်း-ဒေါ်စော တို့၏ သားသမက်၊ ဦးခင်မောင်ကြီး- ဒေါ်မြဦး၊ ဦးကြည်အုန်း-ဒေါ်စမ်းစမ်းမြင့်၊ ဦးသန်းလှိုင်-ဒေါ်စမ်းစမ်းစိမ့်၊ ဒေါ်ယဉ်မြ၊ ဦးမောင်မောင်ဝင်း-ဒေါ်ခင်ကြွေဝင်း၊ ဦးတင်မောင်ဦး- ဒေါ်အိစမ်း တို့၏ အစ်ကို/ မောင် ဖြစ်သူ ဦးသာဒွန်းအောင်မြင့် သည် ၁၃-၁-၂၀၂၃ ရက်နေ့(သောကြာနေ့)ည ၁၀:၄၀ နာရီတွင်(၉၆) ပါးသောရောဂါဖြင့် ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၃ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရတနာမြိုင်လမ်း၊ မြေကွက်အမှတ်(၃၃/က)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးခင်ညို အမည်ပေါက် မြေချပါမစ်မြေကွက်အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဦးချစ်သိန်း [၉/ညဥန(နိုင်)၁၁၁၂၄၂]မှ ရောင်းချလိုကြောင်းကမ်းလှမ်းလာရာ သဘောတူသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်လိုပါက စာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေအတိုင်း အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုလှိုင်ဝေ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၇၀၃၅)**
**အမှတ်(၅၂၉/၅၃၀)၊ စိုက်ပျိုးရေးလမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်။ ဖုန်း-၀၉-၄၅၅၀၈၆၅၅၃**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၂၄)၊ မြေကွက်အမှတ်-(၃၇)၊ ဒေါ်တင်တင်ဝင်းအမည်ပေါက် ပါမစ်မြေကွက် မူရင်းခြမ်း(၂၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးအောင်ကိုဦး (၁၄/လပတ(နိုင်)၁၈၅၂၄၅)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထူးလှိုင်**
**အထက်တန်းရှေ့နေ**
**စဉ်- ၂၄၂၉၂**

**အမှတ်(၅၂)၊ ပြည်ထောင်စုလမ်း၊ (၃၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အိရွှေစင်(ခ)ဟန်နီ
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်(၁၂/A)နေ (ဦးအောင်နိုင်)-ဒေါ် ခင်ခင်လှိုင်တို့၏သမီးငယ်၊ (ဒေါက်တာမောင်ကြီး)-ဒေါ်ကျင်ရွှေတို့၏သမီးချွေးမ၊ ဦးဇာနည်အောင်နိုင်-ဒေါ်သက်ဝေခိုင်၊ မစ္စတာ မာအိမာစာ ယိုရှိ-ဒေါ်ခိုင်မဥ္ဇူလတ်တို့၏ချစ်ညီမငယ်လေး၊ ဦးရန်အောင်နိုင်-ဒေါ်ခင်ခင်ဆွေတို့၏ချစ်အစ်မ၊ တူ/တူမ(၄)ယောက်တို့၏ချစ်လှစွာသော အဒေါ်၊ ဦးစိုင်းအောင်ကြီး(GYI Industries Ltd)၏ချစ်လှစွာသောဇနီး၊ မရွှေအိမ်သည်၊ မရွှေဝတီ၊ မရွှေဟေသီတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်အိရွှေစင်(ခ)ဟန်နီသည် ၁၂-၁-၂၀၂၃(ကြာသပတေးနေ့) အိန္ဒိယစံတော်ချိန် ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၃(တနင်္လာနေ့)တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၃ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်...**

❖ **ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်...**

❖ **ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း သီရိပျံချီဘွဲ့ရရှိသည့် ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင် ဦးစံကျော်လှအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းခဲ့သည်။


အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းပေးလျက်ရှိသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## ONE Fight Night-6 ပြိုင်ပွဲတွင် အောင်လအန်ဆန် အနိုင်ရ

နေပြည်တော် ဇန်နဝါရီ ၁၄

ONE Fight Night-6 ပြိုင်ပွဲကို မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန် အနိုင်ရခဲ့သည်။

အောင်လအန်ဆန်သည် Catchweight စိန်ခေါ်ပွဲအဖြစ် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုနှင့်ထိုးသတ်ခဲ့ရာ ပထမအချီ ၁ မိနစ် ၂၉ စက္ကန့်မှာပင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်က ပထမအချီ မိနစ်အနည်းငယ်မှာပင် ပွဲသိမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ချုပ်ကွက်ဖြင့် တိုက်ခိုက်ရန်ကြိုးပမ်းလာသည့် ဂယ်လ်ဗိုကို အကောင်းဆုံးတုံ့ပြန်ကာ ကြမ်းပြင်ပေါ်သို့ လဲအကျတွင် လက်သီးချက်များ တရစပ်ပစ်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ပထမဆုံးထိုးသတ်သည့်ပွဲတွင် အနိုင်ရခဲ့ပြီး နှစ်လအတွင်းထိုးသတ်သည့် နှစ်ပွဲစလုံး ပထမအချီ ၂ မိနစ်မပြည့်မီမှာပင် စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❐



ဂယ်လ်ဗိုကို အောင်လအန်ဆန်က ပွဲသိမ်းလက်သီးများ ပစ်သွင်းနေစဉ်။


ယနေ့ ဖတ်စရာ



မွေးမြူထုတ်လုပ်မြင့်တင် AI နည်းပညာတစ်ခွင် အကြောင်း တစေ့တစောင်း ဆောင်းပါး စာမျက်နှာ » ၁၀



ဝတ္ထုတို စာမျက်နှာ » ၂၀

မိတ်ဆွေကောင်းကို တန်ဖိုးထားပါ စာမျက်နှာ » ၂၁

သိပ္ပံမောင်ဝ၏ ဝတ္ထုတို တို့ဆရာ စာမျက်နှာ » ၂၅